# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday , 22 October 2016 (၈၇၂၂)


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်းချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယက်နမ်နိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ နိုင်ငံတော် သမ္မတသည် ဟနွိုင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးနှင့် ကမ္ဘောဒီးယားနိုင်ငံ(မဲခေါင်ဒေသ)တို့သို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့်တစ်ဆက်တည်းတက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**ယနေ့**

**မာတိကာ**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး**


သတင်း စာမျက်နှာ - ၃


- - - - - - - - -

**နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး**


သတင်း စာမျက်နှာ - ၃


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီဗွန်းအား တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်းလစ်တိုပါဒေါ့ပ်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီဗွန်းနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဗီယက်နမ်သံအမတ်ကြီးက အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ တိုတောင်းသော အစိုးရသက်တမ်းကာလအတွင်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်ရသည့်အတွက် ချီးကျူးပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ရေပေးဝေရေးတွင် အဓိကကျသည့် ရေလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် မရမ်းကုန်းမြို့နယ်တွင် ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့၏ နေ့စဉ် ရေပေးဝေရေးကဏ္ဍတွင် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်သော ရေလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် မရမ်းကုန်းမြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့တော်အတွင်း နေ့စဉ်ရေပေးဝေမှုပြုလုပ်ရာတွင် ရေလေလွင့်ပြန်းတီးမှုများရှိနေသောကြောင့် ရေမရရှိသည့်အခက်အခဲများဖြစ်ပေါ်နေသည့်အတွက် ဂျပန်နိုင်ငံ Japan International Cooperation System (JICS) , Japan Consortium LLC (JC), TSS Tokyo Water Co.,Ltd.တို့က မရမ်းကုန်းမြို့နယ်အတွင်း ရေလေလွင့်ဆုံးရှုံးနေမှုများကို ဆောင်ရွက်ရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး စီမံကိန်းစတင်ဆောင်ရွက်ရန်အတွက် စစ်တမ်းကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်းအတွက် အချိန်တစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ကာ ရေပိုက်များပြန်လည်တူးဖော်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်း၊ နည်းပညာအကူအညီနှင့် သင်တန်းများပေးအပ်ခြင်းတို့အပါအဝင် ဆောင်ရွက်ရန် ငါးနှစ်လျာထားပြီး စီမံကိန်းကာလခြောက်နှစ် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

"ရေပိုက်များသွယ်တန်းထားမှုကို ဆာဗေးစလုပ်ပါမယ်။ ရေပိုက်တွေက မြေကြီးထဲ မြှုပ်ထားတဲ့အတွက် အမှန်တကယ် တူးဖော်ကြည့်မှ အခြေအနေကို သိရမှာပါ။ ကျွန်တော်တို့ရဲ့ ပရီဆာဗေးအဖြေအရမြေပုံပေါ်မှာအမှတ်အသားပြထားတဲ့ ခန့်မှန်းနေရာ ၁၁၀ မှာ တူးဖော်စစ်ဆေးမယ်လို့ စဉ်းစားပါတယ်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**





ကြေးမုံ

# လှည့်ဖြားနေသော စကားပရိယာယ်

နိုဝင်ဘာလ ၈ ရက်နေ့တွင် အမေရိကန်သမ္မတရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်ပါသည်။ ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်း ဒေါ်နယ်ထရန့်က ပြိုင်ဘက်သမ္မတလောင်း ဟီလာရီကလင်တန်သည် အမေရိကန်နိုင်ငံရေးလောက၌ နှစ်ပေါင်းများစွာ ရပ်တည်လှုပ်ရှားခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ အမေရိကန်နိုင်ငံရေး လောက၏ အားနည်းချို့ယွင်းချက်များအတွက် တာဝန်ရှိသည်ဟူသော သဘော ဝေဖန်တိုက်ခိုက်ခဲ့ပါသည်။ အမေရိကန်နိုင်ငံရေးလောက၌ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့သော ဟီလာရီကလင်တန်သည် ပြုပြင်ပြောင်းလဲရမည့်ကိစ္စတို့ကို ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဒေါ်နယ်ထရန့်ကိုယ်တိုင်မှာမူ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ပြီး ပြည်သူလူထုအတွက် ထမ်းဆောင်ခဲ့သော သမိုင်းမှတ်တမ်းမရှိခဲ့ပါ။ အမေရိကန်နိုင်ငံရေးလောက၏ အားနည်းချို့ယွင်းချက်များကို ထောက်ပြလျက် နိုင်ငံရေးအရ နှစ်ပေါင်းများစွာ ရပ်တည်လှုပ်ရှား ရုန်းကန်ခဲ့သော ဟီလာရီကလင်တန်ကို နိုင်ငံရေးအရ ရပ်တည်လှုပ်ရှားမှု လုံးဝမရှိသော ဒေါ်နယ်ထရန့်က စွမ်းဆောင်ရည်မရှိဟု ပြောဆိုဝေဖန်ခြင်းသည် ငါးဖယ်ပြောင်းပြန်ပြောဆိုခြင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့သော ငါးဖယ်ပြောင်းပြန်ပြောနည်းမျိုးကို မြန်မာနိုင်ငံ၌လည်း တွေ့မြင်နေရပါသည်။ တိုင်းပြည်က ရင်ဆိုင်ရလျက်ရှိသော ငွေကြေးဖောင်းပွမှုပြဿနာသည် တိုင်းပြည်၏ စီးပွားရေးကဏ္ဍတို့အကြား နှစ်ပေါင်းများစွာ ဟန်ချက်ချိန်ခွင်လျှာ ပျက်ယွင်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် လက်ရှိရင်ဆိုင်ရလျက်ရှိသော ငွေကြေးဖောင်းပွမှုပြဿနာသည် လူထုအစိုးရသစ်၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်ရလေဟန်ဝေဖန်ပြောဆိုမှုများသည် အတိတ်သမိုင်း အမွေဆိုးများကို လုံးဝလျစ်လျူရှုလျက် လူထုအစိုးရသစ်အပေါ် အပြစ်ပုံချရန် ကြိုးပမ်းမှုဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤကဲ့သို့သော ဝေဖန်ပြောဆိုမှုမျိုးသည်လည်း ငါးဖယ်ပြောင်းပြန်ဝေဖန်ပြောဆိုမှုမျိုးသာဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စကို သုံးသပ်ပါကလည်း လူထုအစိုးရသစ်က တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးတို့ကို လျစ်လျူရှုလျက် လူ့အခွင့်အရေးကိစ္စကို ရှေ့တန်းတင် လုပ်ဆောင်နေသည့်သဘော ပြောဆိုဝေဖန်မှုများကို တွေ့မြင်နေရပါသည်။ ရခိုင်ပြည်နယ်ပြဿနာကို နိုင်ငံတကာမျက်နှာစာ၌ လူ့အခွင့်အရေးရှုထောင့်မှ ဝေဖန်တိုက်ခိုက်နေခြင်းကို လုံးဝလျစ်လျူရှုလျက် လူထုအစိုးရသစ်က တိုင်းပြည်၏အချုပ်အခြာအာဏာနှင့် အမျိုးသားရေးကို စိတ်မဝင်စားသလိုလို ဝေဖန်တိုက်ခိုက်ခြင်းသည်လည်း ငါးဖယ်ပြောင်းပြန်ပြောဆိုဝေဖန်မှုမျိုးသာဖြစ်ပါသည်။

ဤကဲ့သို့သော ငါးဖယ်ပြောင်းပြန်ဝေဖန်ပြောဆိုမှုများသည် ပြည်သူလူထု၏နာကြည်းမှုနှင့် စိတ်ခံစားချက်တို့ကို နှိုးဆွလှုံ့ဆော်ပြီး ပကတိအခြေအနေမှန်ကို ဖုံးကွယ်လျက် မိမိတို့ လိုလားသည်များကို လှည့်စားပုံဖော်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် တာဝန်မဲ့ ပြောဆိုမှုများဖြစ်ပါသည်။ တာဝန်မဲ့ပြောဆိုမှုများသည် တိုင်းပြည်လျှောက်လှမ်းရမည့်ခရီးလမ်းကို ချွတ်ချော်တိမ်းပါးစေသည်ဖြစ်၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက မျက်စိကိုဖွင့်၊ နားကိုစွင့်လျက်မပြတ်သော သတိဆုပ်ကိုင်ထားကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးမိတ်ဖက်အဖြစ် သီလဝါစီးပွားရေးဇုန်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံဘက်မှ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry တို့က Memorandom of Cooperation လက်မှတ်ရေးထိုးခဲ့ရာမှ သမိုင်းတွင်သည့် မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပါ့ခ် ရွိုင်ရယ်လ်ဟိုတယ် ပီတောက်ခန်းမ၌ ကျင်းပသည့် သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်ပြီး ယနေ့ဆိုပါက လုပ်ငန်းအောင်မြင်မှုအတွက် အတူတကွ ရှေ့ဆက်လျက်ရှိရာတွင် မိမိတို့အနေဖြင့် အခွင့်အလမ်းကောင်းများ ရရှိမည်ဆိုသည်ကို ဝမ်းသာအားရစွာ တွေ့ရှိရပါကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သီလဝါအထူးစီးပွားရေးဇုန် ဘက်စုံတည်ဆောက်ရေး ဆက်စပ်အခြေခံအဆောက်အအုံများ တည်ဆောက်ရေး အကောင်အထည်ဖော်ရေးနှင့် သီလဝါအထူးစီးပွားရေးဇုန်အား နိုင်ငံတကာအဆင့်မီ ဇုန်တစ်ခုဖြစ်ပေါ်လာစေရေး စသည့်ဆောင်ရွက်ချက်များတွင် အဘက်ဘက်က ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြသည့် ဂျပန်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူပေါင်း ၇၂ ဦးကို ခွင့်ပြုထားပြီး စီးပွားဖြစ်စက်ရုံများ လည်ပတ်နေပြီဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပို့ကုန်များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများကြောင့် နိုင်ငံတကာမှ စိတ်ဝင်စားကာလာရောက်ရင်းနှီးမြှုပ်နှံကြရာ ယနေ့ဆိုလျှင် ဒုတိယအဆင့် Zone (B) ၁၀၁ ဟက်တာကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ပါကြောင်း၊ ယင်းအချက်သည် ရှေ့ဆက်သွားမည့် အောင်မြင်မှုမှတ်တိုင်တစ်ခု ဆက်လက်ထူထောင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာတာတဲရှိ ဟိဂူချီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ သီလဝါအထူးစီးပွားရေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဂျပန်သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ စတုတ္ထအကြိမ် ပါတီဗဟိုကော်မတီ အစည်းအဝေးမှ ပါတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးနောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်ရှိ ပါတီဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ပါတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီး ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုကော်မတီ အစည်းအဝေးနောက်ဆုံးနေ့တွင် တက်ရောက်လာကြသူ ၁၈၇ ဦးက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၃၀ အား ရွေးချယ်ပြီး ဗဟိုအလုပ်အမှုဆောင်များက ဥက္ကဋ္ဌ ဦးသန်းတင်၊ ဒုဥက္ကဋ္ဌ ဦးဟန်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းထွန်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးထွန်းရီနှင့် ဦးနေဝင်းတို့အား ထပ်မံရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**




**စာပေမြင့်မှ လူမျိုးတင့်မည်**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကသည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာအက(အလွတ်တန်း)ပြိုင်ပွဲတွင် ရခိုင်တိုင်းရင်းသားတို့၏ စာဆိုအမွေ ထွန်းပြောင်လီအက၊ ဧရာဝတီတိုင်းသားတို့၏ ကျေးလက်ရိုးရာ ထီးယိမ်းအက၊ ချင်းတိုင်းရင်းသားတို့၏ ရှုဆုပ်အက၊ မန္တလေးတိုင်းသားတို့၏ ကျေးလက်လူမှုဘဝအကနှင့် ကရင်တိုင်းရင်းသားတို့၏ ဘဝသရုပ်ဖော်အကတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် သစ်တောတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်းဝါသနာရှင်အဆင့်ပြိုင်ပွဲ(ဒုတိယတန်း)တွင် မန္တလေးတိုင်းဒေသကြီးမှ ဦးပတ္တမြားမြဟန်၏ ပြိုင်ပွဲဝင် တီးခတ်မှု၊ စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပသည့် ကာလပေါ်တေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)တွင် ကရင်ပြည်နယ်မှ မောင်စောအောင်ထွန်းမင်း၏ ပြိုင်ပွဲဝင်သီဆိုမှု၊ စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပသည့် မဟာဂီတပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)တွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်အေးအေးခိုင်(ခ) ဒေါ်အေးအေးမြိုင်၏ ပြိုင်ပွဲဝင်သီဆိုမှု၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနစုဝေးခန်းမ၌ ကျင်းပသည့် ဝါသနာရှင်အဆင့် (ပထမတန်း) တယောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသန်းဇော်၏ တယောလက်သံ ယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စလုသို့ဗွန်းအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

■

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ဆေးတက္ကသိုလ်များတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ခေါ်ယူထားပြီးဖြစ်သည်။

သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

ဒီအတွက်ကိုလည်း မြို့တော်စည်ပင်ရေသန့်ဌာနကိုလည်း လျှောက်လွှာတင်ထားပြီးဖြစ်ပါတယ်။ ရပ်ကွက်တိုင်းကို ဆာဗေးဆက်လုပ်သွားမှာဖြစ်တဲ့အတွက် အားလုံးသဘောပေါက်နားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောကြားလိုပါတယ်” ဟု ဂျပန်နိုင်ငံဘက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ Grand Aid အစီအစဉ်အရ မရမ်းကုန်းမြို့နယ်တွင် ရေလေလွင့်ဆုံးရှုံးမှုလျှော့နည်းစေရေး စီမံကိန်းဆောင်ရွက်မှုအပြင် ဖွံ့ဖြိုးရေးအကူအညီအနေဖြင့် အခြားသောကဏ္ဍများတွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။ ရန်ကုန်မြို့တော်အတွင်း နေ့စဉ် သောက်သုံးရေ ပေးဝေလျက်ရှိရာတွင် ရေပိုက်များ၏ သက်တမ်းကြာမြင့်မှု၊ ရေပိုက်ပေါက်ကာ လေလွင့်ပြုန်းတီးမှုများကြောင့် နေ့စဉ်ရေပေးဝေမှုတွင် ဆုံးရှုံးမှုများရှိနေပြီး ပေးဝေသည့် ပမာဏအတိုင်းရေမရရှိသည့် ပြဿနာများ ကြုံတွေ့နေရကြောင်း၊ ရေလေလွင့်ပြုန်းတီးမှုကို ထိရောက်စွာဟန့်တားဆောင်ရွက်နိုင်ခြင်းဖြင့် ရေပေးဝေမှုကို ထိရောက်အောင်မြင်စေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ သိရသည်။

ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်း ရေလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးစီမံချက် စတင်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)တွင် ကျင်းပခဲ့ပြီး ရန်ကုန်မြို့တော်ဝန်




ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Economic and ODA section မှ Counsellor and Head, Mr.Matsuo နှင့် တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံပြည်သူတို့ တက်ရောက်ခဲ့ကြသည်။

**သတင်း - ဝဝ၁၊**
**ဓာတ်ပုံ-စောသိန်းဝင်း (မြို့တော်)**

## ပြင်ဆင်သိမှတ်ပေးပါရန်

အောက်တိုဘာ ၂၁ ရက်ထုတ် ကြေးမုံသတင်းစာ မျက်နှာဖုံးပါ “နှစ်နိုင်ငံအကြား မပြီးပြတ်သေးသည့် နယ်နိမိတ်ကိစ္စရပ်များ ဆောလျင်စွာ ညှိနှိုင်းဖြေရှင်းရေး ဆွေးနွေး” သတင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အဖြစ် ပြင်ဆင်သိမှတ်ပေးပါရန်။

**(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အမေရိကန်သမ္မတရွေးကောက်ပွဲ မဲပေးရန် မှတ်ပုံတင်သူ နိုင်ငံသားဦးရေ သန်း ၂၀၀ ကျော်အထိ စံချိန်တင်




**ဝါရှင်တန် အောက်တိုဘာ ၂၁**

ယခုနှစ်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ မဲပေးရန် မှတ်ပုံတင်ထားသူ နိုင်ငံသားဦးရေ သန်း ၂၀၀ ကျော်ရှိရာ ယင်းမှာ အမေရိကန်သမိုင်းတွင် စံချိန်တင် အရေအတွက်ဖြစ်ကြောင်း ဒီမိုကရက်တစ်နိုင်ငံရေး သတင်းအချက်အလက် သုတေသနကုမ္ပဏီတစ်ခုက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

သမ္မတရွေးကောက်ပွဲ၌ မဲပေးရန် မှတ်ပုံတင်ထားသူဦးရေမှာ ၂၀၀ ၀၈၁ ၃၇၇ ဦးရှိကြောင်း တားဂက်စမတ် အမည်ရှိ နိုင်ငံရေး သတင်းအချက်အလက် သုတေသနကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် တမ်ဘွန်နီယာက သတင်းဌာနများသို့ ပြောကြားသည်။

လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတွင်း မဲပေးရန် မှတ်ပုံတင်သူဦးရေ တိုးတက်မှုနှုန်းမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၀၈ ခုနှစ်က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်သူဦးရေ ၁၄၆ ဒသမ ၃ သန်းသာရှိခဲ့ကြောင်း၊ ယင်းရွေးကောက်ပွဲမှာ ဘားရက်အိုဘားမား ပထမဆုံးအကြိမ် အောင်ပွဲခံကာ အိမ်ဖြူတော်သို့ ရောက်ရှိလာသော ရွေးကောက်ပွဲဖြစ်ကြောင်း ဘွန်နီယာက ပြောကြားသည်။

ရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်သူဦးရေ ၄၂ ဒသမ ၆ ရာခိုင်နှုန်းတိုးလာသည့်အနက် အများစုမှာ ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူများဖြစ်ကြပြီး ၂၉ ရာခိုင်နှုန်းမှာ ရီပတ်ဘလီကန်ပါတီဘက်သို့ ယိမ်းသူများဖြစ်ကာ ၂၈ ဒသမ ၄ ရာခိုင်နှုန်းမှာ ပါတီအစွဲကင်းသူများဖြစ်ကြသည်ဟု လေ့လာချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပသည့် သမ္မတရွေးကောက်ပွဲများအနက် မဲပေးရန် မှတ်ပုံတင်သူဦးရေ သန်း ၂၀၀ ထက်ကျော်လွန်ခြင်းမှာ ပထမဆုံးဖြစ်ပြီး ရွေးကောက်ပွဲသမိုင်းတွင် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

**ရိုက်တာ။**

## ပင်လယ်နီအတွင်း အမေရိကန် စစ်ရေယာဉ်များ ပစ်ခတ်ခံရမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု အီရန်ငြင်းဆို

**တီဟီရန် အောက်တိုဘာ ၂၁**

ယီမင်နိုင်ငံ၏ ရေပြင်ပိုင်နက်အနီး ပင်လယ်နီဒေသအတွင်း အမေရိကန် စစ်ရေယာဉ်များအား မကြာသေးမီကာလက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာတွင် အီရန်နိုင်ငံအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မကြာသေးမီက ပင်လယ်နီအတွင်း အမေရိကန် စစ်ရေယာဉ်များအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာတွင် အီရန်နိုင်ငံ ပါဝင်လုပ်ဆောင်ခဲ့ဖွယ်ရှိသည်ဟူသော အမေရိကန် စစ်ဘက်တာဝန်ရှိသူများ၏ ပြောကြားချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဘာရာဟမ်ကွာဆီမီကတုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။

အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ် ဌာနချုပ်မှူး ဂျိုးဇက်ဗိုတယ်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားရာ၌ ယီမင်နိုင်ငံတွင်းရှိ ရှီးယိုက်မျိုးနွယ်စုဝင် ဟူသီသူပုန်များက အမေရိကန်ရေတပ်သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် နောက်ကွယ်၌ အီရန်နိုင်ငံရှိနေသည်ဟု စွပ်စွဲခဲ့သည်။

အမေရိကန်ရေယာဉ်များအား တိုက်ခိုက်မှုနောက်ကွယ်တွင် အီရန်နိုင်ငံ ပါဝင်ပတ်သက်နေသည်ဟု ယူဆရကြောင်း၊ အီရန်သည် ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်များနှင့် ဆက်သွယ်မှုရှိကြောင်း၊ ထို့ကြောင့် အဆိုပါတိုက်ခိုက်မှုတွင် အီရန်တို့ပါဝင်ပတ်သက်သည်ဟု မိမိသံသယရှိကြောင်း အမေရိကန်တပ်မှူးကြီး ဂျိုးဇက်ဗိုတယ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ။**



## ဒုက္ခသည် ပြဿနာ၊ ကုန်သွယ်ရေးနှင့်နိုင်ငံတကာဆက်ဆံရေး ဥရောပသမဂ္ဂ ခေါင်းဆောင်များ ဆွေးနွေး

ဘရပ်ဆဲလ် အောက်တိုဘာ ၂၁

**ဥရောပသမဂ္ဂ(အီးယူ) ထိပ်သီးအစည်းအဝေးကို ဒုတိယမြောက်နေ့အဖြစ် အောက်တိုဘာ ၂၁ ရက်က ဆက်လက် ကျင်းပကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

နှစ်ရက်ကြာကျင်းပသည့် အီးယူထိပ်သီးအစည်းအဝေးတွင် ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှုပြဿနာ၊ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ တားဆီးကာကွယ်ရေးနှင့် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးစသည့်အကြောင်းရပ်များကို အလေးအနက်ပြု ဆွေးနွေးကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုက္ခသည် ပြဿနာဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဥရောပခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး ခိုးဝင်လာသော ဒုက္ခသည်များအား ပြန်လည်လက်ခံရေးအတွက် တတိယနိုင်ငံများကို အကူအညီပေးမှု မြှင့်တင်သွားရန် ၎င်းတို့က ရည်မှန်းသည်။ ဥရောပသမဂ္ဂသည် မကြာသေးမီက ဒုက္ခသည်ပြဿနာနှင့် ပတ်သက်၍ အာဖဂန်နစ္စတန်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

ဒုက္ခသည်များ၏ နေရင်းနိုင်ငံများ၊ အာဖရိကတိုက်ရှိကြားစခန်းအဖြစ် ရပ်တည်နေသော နိုင်ငံများနှင့် ပူးပေါင်းလုပ်ကိုင်သွားရန် ဥရောပသမဂ္ဂက အလေးအနက်ပြုသင့်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တတ်စ်က ပြောကြားသည်။ ကုန်သွယ်ရေးတွင် ကိုယ်ကျိုးစီးပွားကာကွယ်ခြင်းမှ တားဆီးနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် ဥရောပခေါင်းဆောင်များက သဘောတူညီကြပြီး ဆီးရီးယားပဋိပက္ခတွင် ရုရှားပါဝင်ပတ်သက်နေမှု အရှုပ်အထွေးများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

အီးယူထိပ်သီး အစည်းအဝေးတွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့မှုနှင့် ပတ်သက်နေသော ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်မည်မဟုတ်ဟု တတ်စ်က ပြောကြားသည်။

**ဆင်ဟွာ။**

## အမေရိကန်နှင့် လမ်းခွဲကြောင်း ဒူတာတေးကြေညာ

**ပေကျင်း အောက်တိုဘာ ၂၁**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အမေရိကန်နှင့် ဆက်ဆံမှုများကို ခွဲထွက်ပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒူတာတေးက ပေကျင်းမြို့တွင် အောက်တိုဘာ ၂၀ ရက်က ပြုလုပ်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် ၎င်းအနေဖြင့် အမေရိကန်နှင့် ဆက်ဆံနေသည့် စီးပွားရေးဆိုင်ရာနယ်ပယ်များနှင့်ရော စစ်ရေးကဏ္ဍဆက်ဆံမှုများနှင့်ပါ ခွဲခွာကြောင်း ထုတ်ဖော်ပြောကြားသည်။

အောက်တိုဘာ ၂၀ ရက် အစောပိုင်းတွင် ဒူတာတေးသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ်နှင့် ဖိလစ်ပိုင်ခေါင်းဆောင်နှစ်ဦးတို့သည် တောင်တရုတ်ပင်လယ်တွင်ဖြစ်ပွားနေသည့် ပိုင်နက်နယ်မြေအငြင်းပွားမှုပြဿနာကို ဆွေးနွေးခြင်းမရှိဘဲ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်သာ ကတိပြုခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံကို အခြေခံအဆောက်အအုံကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများအပါအဝင် စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုများပေးရန် သဘောတူညီခဲ့ကြသည်။

ရှီကျင့်ဖျင်က ချေးငွေ ဒေါ်လာ ကိုးဘီလီယံကျော် ချေးရန် ကမ်းလှမ်းခဲ့သည်ဟု ဖိလစ်ပိုင်သမ္မတရုံးက ပြောကြားသည်။ ဒူတာတေး၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံသည် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးဆိုင်ရာအကူအညီ ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံ ထုတ်ပေးမည်ဟု မျှော်လင့်ရသည်။

ဖိလစ်ပိုင်နိုင်ငံသည် အာရှတွင် အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံတစ်ခုဖြစ်သည်။ သို့သော် ဒူတာတေးသည် တရုတ်နိုင်ငံက အလွှန်များပြားသော စီးပွားရေး ဆိုင်ရာအကူအညီများ ပေးရန်ကမ်းလှမ်းပြီးနောက် အမေရိကန်နိုင်ငံထက် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပိုမိုအလေးထားကြောင်း ပြသလာခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



## အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တည်ဆောက်ရန် သမ္မတ ရှီကျင့်ဖျင် လိုလား

**ပေကျင်း အောက်တိုဘာ ၂၁**

တိုင်းပြည်၏ အပြည်ပြည်ဆိုင်ရာဂုဏ်ပုဒ်၊ အမျိုးသားလုံခြုံရေးနှင့် ဖွံ့ဖြိုးမှုအကျိုးစီးပွားများအတွက် အချိုးညီသည့် တောင့်တင်းခိုင်မာသော နိုင်ငံ့ကာကွယ်ရေးနှင့် အင်အားတောင့်တင်းသော လက်နက်ကိုင်တပ်မတော်တစ်ရပ်တည်ဆောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းလိုက်သည်။

တရုတ်ကွန်မြူနစ်ပါတီ (CPC) ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ဘက်ကော်မရှင် (CMC) ဥက္ကဋ္ဌလည်းဖြစ်သူ သမ္မတ ရှီက အဆိုပါ မှတ်ချက်စကားများကို အောက်တိုဘာ ၂၁ ရက်ကကျင်းပသော ခရီးဝေးချီတက်မှုအောင်ပွဲ နှစ် (၈၀) ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့နှင့်ပတ်သက်သော ပါတီ၏အပြည့်အဝခေါင်းဆောင်မှုမှာ တပ်မတော်၏အောင်မြင်မှုအတွက် အခြေခံကျသောအာမခံချက်ဟု သူကဆိုသည်။ “အင်အားတောင့်တင်းတဲ့ တိုင်းပြည်တစ်ခုတည်ဆောက်ဖို့ အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်တည်ဆောက်မယ့် ကြိုးပမ်းမှုတွေ လိုအပ်ပါတယ်။ အင်အားတောင့်တင်းတဲ့တပ်မတော်ကသာ တိုင်းပြည်ရဲ့လုံခြုံရေးကို အာမခံပေးနိုင်မှာဖြစ်ပါတယ်”ဟု ရှီက ပြောကြားသည်။

ခရီးဝေးချီတက်မှုဆိုသည်မှာ ပြည်သူ့တပ်မတော်၏ အံ့သြဖွယ်ရာဖြစ်ကြောင်း၊ ဂုဏ်သိက္ခာရှိသော ပြည်သူ့တပ်မတော်က ခရီးဝေးချီတက်မှုတွင် တပ်နီတော်၏ ကြီးမြတ်သောစိတ်နှင့် ကောင်းမွန်သောအစဉ်အလာကို အမြဲတမ်းထိန်းသိမ်းရမည်ဖြစ်ကြောင်း ရှီက ပြောကြားလိုက်ပြီး တပ်နီတော်၏အမွေဆက်ခံသူ ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကိုလိုက်နာရန်၊ ပါတီ၏သဘာဝနှင့် စည်းမျည်းများကိုထိန်းသိမ်းရန် လက်နက်ကိုင်တပ်ဖွဲ့သို့ ရှီက မေတ္တာရပ်ခံခဲ့သည်။ ထို့အပြင် နိုင်ငံရေး ဂုဏ်သိက္ခာစောင့်ထိန်းရန်၊ ပြုပြင်ပြောင်းလဲရေးနှင့် တရားဥပဒေစိုးမိုးရေးကိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် တိုက်ခိုက်ရေးအသင့်ဖြစ်မှုအားဖြည့်ရန် တပ်မတော်သို့ ရှီက တိုက်တွန်းလိုက်သည်။

တပ်မတော်တစ်ခုလုံးအနေဖြင့် နိုးနိုးကြားကြားရှိရန်နှင့် တာဝန်ဝတ္တရားများထမ်းဆောင်ရာတွင် သတိရှိသင့်ကြောင်း၊ နိုင်ငံ့ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့ကို ခေတ်နှင့်အညီအဆင့်မြှင့်တင်ခြင်းကို တိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးမှုအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်မှုအနေဖြင့် ရှေ့ဆက်လုပ်ဆောင်ရမည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

**ဆင်ဟွာ။**

## ❍ ပုဂံဒေသမှ

ကျွန်တော်တို့က ဒီအစားလောလောဆယ် နေဝင်ဆည်းဆာကြည့်ရှုခွင့်ကို ပိတ်မထားသေးဘဲနဲ့ အဲလိုနေရာမျိုးကြည့်လို့ရအောင် မင်းနန်သူဘက်မှာ JICA ရဲ့ အကူအညီနဲ့ ကိုမောက်ရေကန်ရဲ့ကန်ပေါင်ကို လိုအပ်တဲ့အမြင့် မြှင့်ပြီးတော့မှ နေဝင်ဆည်းဆာ ကြည့်ဖို့နေရာတစ်ခုစီစဉ်ထားပါတယ်။

ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၇ ရက်ကတည်းက နေပြည်တော်မှာ ဒုတိယ သမ္မတ ဦးမြင့်ဆွေ ဦးစီးကျင်းပတဲ့ အစည်းအဝေးမှာလည်း ခွင့်ပြုတော့ နောက်ထပ်တစ်နေရာအပြင် နောက်ထပ်နှစ်နေရာ လောက်ရှာပြီးတော့ သုံးနေရာလောက် အဆင်ပြေပြေလုပ်နိုင်မယ်ဆိုရင် လက်ရှိစေတီပုထိုးတွေပေါ်က နေဝင်ချိန်ကြည့်တာကို တားမြစ်သွားမှာဖြစ်ပါတယ်။ နေဝင်ချိန်ကြည့်တဲ့နေရာကို တားမြစ်ချင်သော်ငြားလည်းပဲ အဲဒီနေရာအစားစီစဉ်မပေးနိုင်သေးတဲ့အတွက် လောလောဆယ် ယခင်ခွင့်ပြုချက်အတိုင်းပဲ ခွင့်ပြုနေရတာဖြစ်ပါတယ်"ဟု ပြောသည်။

"လက်ရှိ JICA အကူအညီနဲ့ ဆောင်ရွက်နေတဲ့ ကိုမောက်ရေကန်နေရာပြီးရင် အဲဒီနေရာကနေ နေဝင်ဆည်းဆာအချိန်ကြည့်ခိုင်းပါမယ်။ ပြီးရင် နောက်ထပ်နှစ်နေရာလည်း ကျွန်တော်တို့ရှေးဟောင်းသုတေသနရယ်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ ဒေသခံတွေရယ် နေရာရှာဖွေနေပါတယ်။ နေရာရပြီး စုစုပေါင်း သုံးနေရာလောက် လုပ်ပြီးသွားရင် လက်ရှိစေတီပုထိုးတွေပေါ်ကနေပြီး နေဝင်ဆည်းဆာကြည့်တာကို ပိတ်ပင်တားမြစ်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့နောက် ပုဂံဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအနေဖြင့် ပုဂံ-ညောင်ဦးသွားကားလမ်းကို ပုဂံဘူတာ၊ ညောင်ဦးလေဆိပ်ဘက်မှလာသည့် နှစ်လမ်းသွား ကတ္တရာလမ်း ခုနစ်မိုင်ကျော်အား လမ်းအကျယ် ၁၈ ပေရှိရာမှ ကားတစ်စီးနှင့်တစ်စီး ရှောင်တိမ်းသွားလာရန် အခက်အခဲရှိသဖြင့် တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက "ညောင်ဦးကနေ ပုဂံလာတဲ့လမ်းက အလယ်မှာ သစ်ပင်တွေစိုက်ထားတယ်။ တစ်ဖက်ကို ၁၈ ပေလောက်ပဲရှိတော့ ကားနှစ်စီးရှောင်ဖို့ခက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကိုလည်း တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးဇာနည်အောင်လာတဲ့အချိန်မှာ ဒီလမ်းကို ကားနှစ်စီး ကျယ်ကျယ်ပြန့်ပြန့် ရှောင်လို့ရအောင်လုပ်ဖို့ ညွှန်ကြားသွားတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရယ်၊ လျှပ်စစ်ဌာနရယ်ပေါင်းပြီးတော့ လမ်းကို ၂၄ ပေစီချဲ့ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါမှလည်း တစ်ဖက်ကို ကားနှစ်စီး လွတ်လွတ်လပ်လပ် ရှောင်လို့သွားလို့ရမှာဖြစ်ပါတယ်။ လုပ်ငန်းစဉ်အနေနဲ့ လမ်းနဲ့မလွတ်တဲ့ ဓာတ်တိုင်တွေကိုလည်း အရင်ရွှေ့ရမှာဖြစ်ပါတယ်။ လမ်းဘေးပလက်ဖောင်းတွေရွှေ့ရမယ်။ ဆောက်လုပ်ရေးနဲ့ လမ်းကို ဘီအိုတီစနစ်နဲ့ယူထားတဲ့ မြတ်နိုးသူကုမ္ပဏီကနေ လမ်းချဲ့တာကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီဌာနသုံးခုပေါင်းပြီး ဆောင်ရွက်ဖို့စီစဉ်နေပါတယ်"ဟုပြောသည်။

**သတင်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - သီဟစည်သူ**

## ❒ ကျောဖုံးမှ

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်



**စစ်တွေ အောက်တိုဘာ ၂၁**

ဘူးသီးတောင် မောင်တောမြို့နယ်တို့မှ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ် ခေတ္တစွန့်ခွာလာသူများအား နေရပ်ပြန်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကူညီပေးမည့် အစီအစဉ်များ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်အစိုးရ ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက နယ်မြေအေးချမ်းတည်ငြိမ်လာပြီ ဖြစ်သည့်အပြင် သီတင်းကျွတ် ကျောင်းပိတ်ကာလ ပြီးဆုံးသည့် အောက်တိုဘာ ၂၄ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ရာသီကာလတွင်နေရပ်သို့ ခေတ္တပြန်လည်သွားရောက်သည့် ဆရာဆရာမများကိုလည်း အချိန်မီပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ကျန်းမာရေးဌာနရှိ ဆရာဝန် ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ဒေသခံပြည်သူများအား ၂၄ နာရီပတ်လုံး ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် လိုအပ်ပါက ကျန်းမာရေးဝန်ထမ်းများ ထပ်မံစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်က စိုက်ပျိုးရေးဌာနမှလည်း ယခုကာလသည် စိုက်ပျိုးထားသည့် စပါးများ ရိတ်သိမ်းချိန် ရောက်ရှိနေပြီဖြစ်သည့်အတွက် လက်တွန်းစပါးရိတ်စက်များအား ပေးပို့သွားမည့်အပြင် ခေတ်မီစပါးရိတ်သိမ်းနည်းများကိုပါ ဒေသခံများအား သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနအလိုက် မောင်တောနှင့် ဘူးသီးတောင်ဒေသတွင် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ညဝတီ အားကစားကွင်းအတွင်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီနေနိုင်ရန်ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းအားသွားရောက်၍ ယာယီနေထိုင်စဉ်ကာလတွင်လည်း စားရေးသောက်ရေးမှအစ ကျန်းမာရေးစောင့်ရှောက်မှုအထိ စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် မိမိတို့နေရပ်သို့ ပြန်လည်သွားရောက်မည်ဆိုပါက အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မောင်တောမြို့တွင် ရောက်ရှိနေသည့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများသည်လည်း နယ်မြေတည်ငြိမ်အေးချမ်းနေပြီ ဖြစ်သည့်အတွက် ၎င်းတို့နေရပ်သို့ပြန်နေပြီဖြစ်ကြောင်း၊ နေရပ်ပြန်လည်နေထိုင်သူများအတွက်လည်း ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးစသည့် ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်းပြောကြားရာ နေရပ်ခေတ္တစွန့်ခွာလာသူ တချို့ကလည်း ကျန်ရစ်ခဲ့သည့် အိမ်သားများနှင့် ဖုန်းအဆက်အသွယ်ရရှိပြီဖြစ်ကြောင်း၊ နယ်မြေလည်းတည်ငြိမ်အေးချမ်းလာနေသည်ကို သိရှိပါကြောင်း၊ စပါးရိတ်သိမ်းချိန်ကာလလည်း ရောက်ရှိနေပြီဖြစ်သဖြင့် မကြာခင် မိမိတို့နေရပ်သို့ ပြန်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီနေထိုင်စဉ်ကာလတွင်လည်း အဆင်ပြေချောမွေ့စွာနေနိုင်ရန် ယာယီတဲများဆောက်လုပ်ထားမှု၊ လျှပ်စစ်မီးသွယ်တန်းပေးထားမှု၊ ဝမ်းရောဂါမဖြစ်ပွားစေရန် ရေကန်နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ထားမှုနှင့် နေ့ညမပြတ် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ စစ်တွေမြို့ရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တို့က အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်နေကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက အဖျက်အမှောင့်များ လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်တွင် ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျူးလွန်သူများဖော်ထုတ်နိုင်ရန်အတွက် ပူးပေါင်းကူညီပေးစေလိုကြောင်းပြောကြားရာ အစ္စလာမ်ဘာသာဝင်များက ယခုအကြမ်းဖက်မှုဖြစ်စဉ်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ဆောင်ရွက်နေချိန်တွင် မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သူများအား ဖော်ထုတ်နိုင်ရန် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## ❖ ချင်းပြည်နယ်မှ

အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရည်ရွယ်ချက်မှာ ချင်းပြည်နယ်၏ ယဉ်ကျေးမှုသဘာဝအလှတရားများကို ဖော်ထုတ်ပြသပြီး ရပ်ရွာလူထုအတွက် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေလို၍ ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

"ဒီမှာ သဘာဝအလှတရား အသစ်တွေရှိတယ်ဆိုတာ လူတွေသိဖို့လိုတယ်။ အရင်ကာလတွေတုန်းက ဒီဒေသကို နိုင်ငံခြားသားဧည့်သည်တွေလာဖို့ ခက်ခဲခဲ့တယ်။ အခု ဖြေလျှော့မှုတွေ လုပ်ပေးပြီး ဒီခရီးသွားလုပ်ငန်းကို စတင်မိတ်ဆက်လိုက်တာပဲ။ လူထုကလည်း ဒါကိုလက်ခံနိုင်တဲ့ စိတ်ရှိတယ်။ ပြီးတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့က နံပါတ်တစ် လမ်းပေါ့။ အဲတော့ ဒီနှစ်က စပြီး လုပ်မယ့်အထဲမှာလမ်းပါမယ်။ တည်းမယ့်နေရာတွေပါမယ်။ လမ်းအတွက်ကလည်း ဒီနှစ်လုပ် နောက်နှစ် ဒီထက်ပိုကောင်းမယ်ဆိုတာ ရိုးရိုးလေးယုံတယ်။ နောက်နှစ်ဘတ်ဂျက်ထဲမှာတောင် ဒါကိုအဓိကပြင်ဖို့ဆိုတဲ့ကိစ္စကို ပြောနေတော့ သုံးနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်အောင် ဆောင်ရွက်သွားမယ်"ဟု ဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ဆက်လက်ပြောသည်။

တီးတိန်မြို့နယ်သည် ကလေးမြို့မှ ၅၆ မိုင်ခန့် ကွာဝေးပြီး ငါးနာရီခန့်ကြာသွားရသည့် ချင်းပြည်နယ်မြောက်ပိုင်း၏ တောင်ပေါ်မြို့တစ်ခုဖြစ်သည်။ တောင်ပေါ်လမ်းအကွေ့အကောက်များခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုနည်းပါးနေသည့် နေရာတစ်ခုဖြစ်သည်။

"ကျွန်တော့်အမြင် ပြောရရင် လမ်းပန်းဆက်သွယ်ရေးက ပြဿနာမဟုတ်ဘူး။ နိုင်ငံခြားသားတွေကို လည်ပတ်ဖို့ ဆွဲဆောင်မယ်ဆိုရင် မိတ်ကပ်ကောင်းကောင်း လိမ်းတတ်ဖို့လိုတယ်။ ချင်းပြည်နယ်က မလိမ်းမခြယ်ရသေးတဲ့ မိန်းမပျိုတစ်ဦးလိုပဲ။ တကယ့်ချင်းလူမျိုးတွေရဲ့ နေထိုင်မှုပုံစံအတိုင်း၊ ဓလေ့သဘာဝအတိုင်း၊ ရိုးရာတွေအတိုင်း ကောင်းကောင်းပြင်ဆင်ပေးနိုင်ရင်၊ ပုံပြင်တွေပြောပြနိုင်ရင် သေချာတယ် နိုင်ငံခြားသားဧည့်သည်တွေက လမ်းပန်းဆက်သွယ်ရေးခက်ခဲလည်း ရောက်အောင်လာကြမှာပဲ"ဟု Vivo ပြည်ပခရီးသွားလုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် ဦးရဲထွန်းဦးက ပြောသည်။

တီးတိန်တွင် ပွင့်လင်းရာသီ၌ ကလေးမြို့မှ လာရာလမ်းတစ်လျှောက်တွင် တောင်ဇလပ်ပန်းနီများ လှပစွာဖူးပွင့်နေသည်ကို မြင်တွေ့နိုင်သည်။ ဝါ့လပ်ကျေးရွာနား ရောက်ရှိပါက ချင်းပြည်နယ် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနမှ ထိန်းသိမ်းလျက်ရှိသော ချင်းနယ်ချဲ့တော်လှန်ရေးခေါင်းဆောင်များ၏ သမိုင်းဝင် ရှာလ်လုမ်းခံတပ်သို့ အခမဲ့သွားရောက်ကြည့်ရှုနိုင်သည်။ ထိုမှတစ်ဆင့် တီးတိန်မြို့နယ် မရောက်မီ ဆဲဇန်ရွာသည် Flying Village ဟု တင်စားခေါ်ဝေါ်သော မြူမှုန်ကြားက ရွာတစ်ရွာဖြစ်သည်။ယင်းရွာတွင် ၁၉၂၀ ခုနှစ်က ကိုလိုနီခေတ်လက်ရာဟန်များဖြင့် ဆောက်လုပ်ထားသော ဆဲဇန်စော်ဘွား၏ နေအိမ်ရှိသည်။ ထိန်းသိမ်းမှုအားနည်းသော်လည်း ၎င်းအိမ်တွင် စော်ဘွား၏ အသုံးအဆောင်ပစ္စည်းများရှိသေးသည်။

တီးတိန်သို့ရောက်ရှိပါက ရိုးရာယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းထားသည့် သမိုင်းဝင် ရှောင်စောန်း စံပြကျေးရွာသို့ နေ့ချင်းခရီး သွားရောက်လေ့လာနိုင်သည်။ ၎င်းရွာတွင်မူ ပါရှန်း၏ စာတစ်လုံးတွင် အသံထွက်တစ်ခုရှိသည့် ကောင်းကင်စာပေနှင့် စာလုံးပေါင်းရာတွင် သံစုံရသည့် လူမျိုးစာပေတို့ကို လေ့လာနိုင်ပြီး ယင်းဘာသာများအပြင် မြန်မာဘာသာဖြင့် ရေးထိုးထားသော ရှောင်စောန်းရွာဖြစ်တည်လာပုံကို သိရှိနိုင်မည့် ကဗ္ဗည်းမော်ကွန်း ကျောက်စာတိုင်ရှိသည်။ ထို့ပြင် ချင်းလူမျိုးများ၏ နေထိုင်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုဆင့်ကဲပြောင်းလဲလာခြင်းများ စသည်တို့ကို လေ့လာနိုင်သည်။

တောင်တက်ခရီးကြမ်းသွားနိုင်သည့် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၈၈၇၁ ရှိသည့် ကနေဒီတောင်၊ လေသာတောင်ကြော၊ သဘာဝအတိုင်း တည်ရှိဖြစ်ပေါ်နေသည့် ရိခေါဒါရ်မြို့က အသည်းပုံ ရိဒ်ရေကန်၊ မဏိပူရမြစ်အတွင်း ငါးဖမ်းခြင်းနှင့် လှေစီးနိုင်ခြင်း စသည်တို့အပြင် တီးတိန်မြို့မှတစ်ဆင့် ဖလမ်း၊ ဟားခါးမြို့များသို့ သွားရောက်လည်ပတ်နိုင်သည်။

"အဓိကကတော့ အမြဲတမ်းဧည့်သည်လာနေမှာ မဟုတ်ဘူး။ တိုင်းရင်းသားတွေရဲ့ နေထိုင်မှုစရိုက်ကို စိတ်ဝင်စားတဲ့သူတွေ၊ စွန့်စားခရီးသွားလာတာကို စိတ်ဝင်စားသူတွေ၊ သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားတဲ့သူတွေပဲ လာကြမှာဆိုတော့ အဲလိုလူတွေကို ဆွဲဆောင်ရတာ တော်တော်ခက်တယ်။ ဒါပေမယ့် ခက်တဲ့အရာကိုလုပ်မှလည်း တန်ဖိုးရှိမှာ။ ပြီးတော့ ရပ်ရွာလူထုက ဒီခရီးသွားလုပ်ငန်းမှာ ပါဝင်ဖို့ဆိုတာ တော်တော်အရှိန်ယူရမယ်။ ဧည့်သည်တွေ တည်းခိုဖို့ရှိမယ့်နေရာတွေက ဟိုတယ် မဟုတ်ဘူး။ ကျေးရွာမှာရှိတဲ့ လူနေမှုစနစ်ကို သိစေနိုင်မယ့် ဒေသခံနေအိမ်တွေဖြစ်တယ်။ အဲဒါက Win Win ပဲ။ အစ်ကိုတို့အတွက်လည်း အများနဲ့မတူတဲ့ ခရီးစဉ်တွေကို ဖော်ဆောင်ပေးလို့ရသလို ဒေသခံတွေအတွက်လည်း ခရီးသွားလုပ်ငန်းက သူတို့ဘဝရပ်တည်ဖို့အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိမယ့် စီးပွားရေးတစ်ခု ဖြစ်လာမယ်"ဟု All Asia Exclusive ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးဝေရာဇာက ပြောသည်။

တီးတိန်မြို့နယ်တွင် တည်းခိုခန်း သုံးခုရှိပြီး ဆောက်လက်စ ဟိုတယ်နှစ်ခုရှိသည်။ တည်းခိုခန်းတစ်ခုလျှင် အများဆုံး ၁၀ ဦးခန့် တည်းခိုနိုင်ပြီး ဆောက်လက်စဟိုတယ်များပြီးဆုံးပါက လူဦးရေ ၆၀ ခန့် တည်းခိုနိုင်မည်ဖြစ်သည်။ ရပ်ရွာအခြေပြုဆောင်ရွက်မည့် လိုင်းလိုးကျေးရွာတွင်မူ ဒေသခံတို့၏ နေအိမ်များ၌ အခကြေးငွေပေး၍ နေထိုင်နိုင်ပြီး Homestay မဟုတ်ဘဲ အိပ်ရာနှင့် နံနက်စာ သုံးဆောင်နိုင်သည်ဟု သိရသည်။ ယင်းရွာတွင် အလှပဆုံးနေဝင်ချိန်ကိုကြည့်ရှု၍ ဒေသထွက်ခေါင်ရည်ကို မြည်းစမ်းနိုင်သည်။

"အရင်တုန်းက ဟိုတယ်တို့၊ ခရီးသွားလုပ်ငန်းတို့ ဘာတို့ဆိုတာ မရှိသေးတော့ အခုအစိုးရက ကျွန်တော်တို့မြို့နယ်အတွက် တိုးတက်ရာ တိုးတက်ကြောင်း ဖော်ဆောင်ပေးမယ်ဆိုရင် အများကြီးတိုးတက်လာမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ပိုပြီးတော့ အားရှိလာတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာမယ်။ လူမှုဆက်ဆံရေးလည်း အရင်တုန်းကထက် ပိုပြီးတော့ တိုးတက်ဖွံ့ဖြိုးလာမယ်။ ဒါကြောင့် ဒီခရီးသွားလုပ်ငန်းဖော်ဆောင်မှာကို ကျွန်တော်တို့ ကြိုဆိုပါတယ်"ဟု တီးတိန်မြို့နယ်မှ ဒေသခံ U Kap Khan Thang က ပြောသည်။

**သတင်း- ခင်ဇာလီ**

**ဓာတ်ပုံ-ဝင်းနိုင်(ကြေးမုံ)**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် နိုင်ငံ့စီးပွားရေး

## စောနိုင်(အသုံးချဘောဂဗေဒ)

စွန့်စွန့်စားစား၊ ဦးဦးဖျားဖျား၊ တီထွင်ဖန်တီးလုပ်ကိုင်တတ်သည့် စီးပွားရေးလုပ်ငန်းရှင်များအကြောင်းနှင့်ပတ်သက်၍ စဉ်းစားမိရင်း လွန်ခဲ့သော ၁၀ နှစ်ကျော်က အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာ့(တ်) မီတာဘတ်(Ahmedabad)မြို့ရှိ Entrepreneurs Development Institute ကျောင်း၌ နှစ်လခန့် တက်ရောက်ခွင့်ရခဲ့သည်ကို အမှတ်ရနေမိသည်။ ထိုသင်တန်းကျောင်းသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများအပြင် အိန္ဒိယနိုင်ငံ ဒေသအနှံ့အပြားမှ သင်တန်းသားများစွာ တက်ရောက်နေသည်ကို တွေ့ခဲ့ရသည်။ ထိုသင်တန်းကျောင်းမှသင်ယူခဲ့ရသော သင်ခန်းစာများ၊ လက်တွေ့လေ့ကျင့်ခန်းများမှတစ်ဆင့် Entrepreneur ဆိုသည့် အဓိပ္ပာယ်ကို ကောင်းစွာသိရှိခွင့်ရခဲ့သည်။ ယခင်ကကြားနေကျ Businessman စကားလုံးနှင့် ဝေါဟာရသစ် Entrepreneur တို့ကြား ကွဲပြားခြားနားသည့် အဓိပ္ပာယ်၊ ကွာခြားသည့် စရိုက်လက္ခဏာတို့ကိုလည်း သဘောပေါက်ခဲ့သည်။ အင်္ဂလိပ်ဘာသာအသံထွက်အတိုင်း အန်ထရီပရီနားဟု လူသိများသည့် စီးပွားရေးလုပ်ကိုင်သူ၊ စီးပွားရေးလုပ်ငန်းရှင်မှာ အခွင့်အလမ်းသစ်ကို အမြဲရှာဖွေ၍ အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်၊ တီထွင်ကြံဆနေသည့် စီးပွားရေးလုပ်ငန်းရှင်မျိုးဟု ယေဘုယျအားဖြင့် သဘောပေါက်နိုင်သည်။

အစည်းအတွင်းရှိ အခြားသူများနှင့် ဆက်သွယ်ပြောဆိုနိုင်စွမ်းအားကောင်းခြင်း၊ အခြားသူများနှင့် အတူတကွလုပ်ကိုင်ရန်ရှိသည့်အခါ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့်ဆောင်ရွက်တတ်ခြင်း၊ စနစ်တကျရှိမှုကို အလေးထားတတ်ခြင်း၊ ရည်ရွယ်ထားသောလုပ်ငန်း၊ နယ်ပယ်တစ်ခုထဲတွင် စိတ်နှစ်မြှုပ်၍ စူးစိုက်လုပ်ကိုင်တတ်ခြင်း၊ အကောင်းမြင်စိတ်ဖြင့် ရှုမြင်တတ်ခြင်း၊ အသင်းအဖွဲ့၊ အုပ်စုများနှင့် နေထိုင်တတ်ခြင်း၊ အခြားသူများကို ဦးဆောင်နိုင်စွမ်းရှိခြင်း၊ အကျိုးအမြတ်မသေချာသည့် လုပ်ငန်းများကိုစွန့်စားလုပ်ကိုင်ရန် စိုးရိမ်ကြောင့်ကြမှုမရှိတတ်ခြင်း စသဖြင့် ကောင်းမွန်ထူးခြားသောစရိုက်လက္ခဏာများရှိနေတတ်သည်။

အမှန်တကယ်တွင် စီးပွားရေးလုပ်ခြင်းသည် အဓိကအကျဆုံးပန်းတိုင်မှာ အမြတ်အများဆုံးရရှိရေးပင်ဖြစ်သဖြင့် စီးပွားရေးလုပ်ကိုင်သူ/လုပ်ငန်းရှင်တစ်ယောက်၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးသည် ငွေကြေးဟူသောအကြောင်းပေါ်တွင် များစွာတိမ်းညွတ်မှုရှိနေသည်။ သို့သော် စွန့်ဦးတီထွင်လုပ်ငန်းရှင်မှာမူ ငွေကြေး အကျိုးအမြတ်ဟူသော အရာတစ်ခုတည်းပေါ်တွင်သာ အလေးပေး၊ ဦးစားပေးထားခြင်းမရှိပေ။ အမြတ်အစွန်းသည် လုပ်ငန်း၏ ပန်းတိုင်တွင်ပါဝင်သော်လည်း အလွန်အမင်း စွန့်စား၍ ကြီးမားသော အကျိုးအမြတ်ကို မျှော်လင့်လုပ်ဆောင်ခြင်းမျိုးမဟုတ်။ ဆင်ခြင်တုံတရားဖြင့်စဉ်းစား၍ အခြေအနေ၊ အချိန်အခါနှင့်လျော်ညီစွာ သင့်တင့်မျှတသော စွန့်စားမှုမျိုးဖြင့်သာ

ထိုးဖောက်လျက်ရှိသည်။ နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)တိုးတက်မှုနှင့် နိုင်ငံသားများ၏ တစ်ဦးကျဝင်ငွေတိုးမြင့်မှုတို့အတွက် အထောက်အကူပြုလျက်ရှိနေသည်။

နိုင်ငံတစ်နိုင်ငံတွင် အလုပ်လက်မဲ့ပြဿနာသည် စီးပွားရေးပြဿနာတစ်ရပ်သာမက နိုင်ငံရေးပြဿနာတစ်ရပ်ပါ ဖြစ်နေသည်။ ထိုပြဿနာပိုမို မကြီးမားလာစေရန်လည်း စွန့်ဦးတီထွင်လုပ်ငန်းရှင်များက တစ်ထောင့်တစ်နေရာမှ ဖြေရှင်းပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် ၎င်းတို့အတွက်သာမက အခြားသူများအတွက်ပါ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အလုပ်လက်မဲ့လျော့ကျမှုအတွက်လည်း အထောက်အကူပြုစေသည်ဟု ဆိုရမည်။ ၎င်းတို့ လုပ်ငန်းတည်ရှိနေသည့် နေရာဒေသဝန်းကျင်တွင် လူမှုဝန်းကျင် ဖွံ့ဖြိုးရေးပရောဂျက်များ ရင်းနှီးမြှုပ်နှံမှုများဖြစ်စေခြင်း၊ လိုအပ်သည့်နေရာများ၌ ငွေကြေးကူညီပံ့ပိုးပေးမှုများပြုလုပ်ခြင်းဖြင့် ထိုဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် အားပေးအားမြှောက်မှုပြုသည့် သဘောမျိုးလည်းရှိသည်။ ထိုအခြေအနေမှတစ်ဆင့် နောက်ဆုံးတွင် နိုင်ငံတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းတိုးပွားမှုနှင့် ငွေကြေးဥစ္စာကြွယ်ဝလာမှုများကို ဖြစ်စေနိုင်သောကြောင့် လူတစ်ဦးတစ်ယောက်ချင်း စိတ်ကျေနပ်ပျော်ရွှင်မှုကိုသာမက တစ်နိုင်ငံလုံးအမျိုးသားအဆင့် စိတ်ပျော်ရွှင်ချမ်းမြေ့မှုကိုပါ ဦးတည်သွားနိုင်ပေသည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကို ဝိုင်းဝန်းတည်ဆောက်ပေးသူများဖြစ်သည်ဟုလည်း မှတ်ယူသင့်သည်။ ၎င်းတို့၏ စွမ်းဆောင်ရည်များသည် ကိုယ့်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်သည်ကို အမှန်တကယ် အသိအမှတ်ပြု၍ တန်ဖိုးထားရန်လိုအပ်သည်။ ဆက်လက်ဖွံ့ဖြိုးနိုင်ရေးအတွက်လည်း ပံ့ပိုးပေးရန်လိုသည်။ ထို့ကြောင့် နိုင်ငံအတွင်း စွန့်ထွင်လုပ်ကိုင်လိုသည့် စိတ်ဓာတ်များ ပြုစုပျိုးထောင်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုဖြစ်ထွန်းရေး၊ ၎င်းတို့၏ အခက်အခဲများကို နည်းလမ်းရှာဖွေကာ ချိတ်ဆက်ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရေး၊ တရားဥပဒေနှင့်အညီ စနစ်တကျလုပ်ကိုင်နိုင်ကာ နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုအထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှလည်း မူဝါဒပိုင်းဆိုင်ရာ အထောက်အကူများဖြင့် ကူညီပံ့ပိုးပေးရန်လိုအပ်ပေသည်။

**စွန့်ဦးတီထွင်လုပ်ငန်းရှင်ဆိုသည်မှာ ကုန်ထုတ်စွမ်းအားစုများကို နည်းလမ်းသစ်များဖြင့် ပေါင်းစပ်ဖွဲ့စည်း၍ စီးပွားရေးဖွံ့ဖြိုးမှုကို ယူဆောင်လာနိုင်သော ဆန်းသစ်တီထွင်ပြောင်းလဲသူဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ၎င်းတို့သည် ကုန်စည်သစ်၊ ဝန်ဆောင်မှုသစ်နှင့် အရည်အသွေးသစ်၊ ထုတ်လုပ်မှုနည်းစနစ်သစ်နှင့် ဈေးကွက်သစ်၊ ကုန်ကြမ်းအသစ်နှင့် ကုန်ကြမ်းဇာစ်မြစ်အသစ်၊ လုပ်ငန်းဖွဲ့စည်းပုံအသစ်နှင့် စီးပွားရေးဝန်းကျင်သစ်တို့ကို ဖြစ်စေနိုင်သည့်သူများဖြစ် အနာဂတ်နိုင်ငံတော်သစ်၏ ဖြစ်ထွန်းလာမည့် စီးပွားရေးသစ်သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့၏ လက်ထဲတွင်ရှိနေ. . . . ။**

ထိုအန်ထရီပရီနား(Entrepreneur) စကားလုံးကို မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးချိန်မှစ၍ စီးပွားရေးဝေါဟာရသစ်အဖြစ် ကြားလာခဲ့ရခြင်းဖြစ်သည်။ မြန်မာဘာသာဖြင့် စွန့်ထွင်ဦးစီးသူ၊ စွန့်ထွင်လုပ်ငန်းရှင်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်စသဖြင့် အမျိုးမျိုးခေါ်ဝေါ်နေကြသော်လည်း ယခင်ရင်းနှီးကျွမ်းဝင်ပြီးသား ဝေါဟာရဖြစ်သည့် စီးပွားရေးလုပ်ကိုင်သူ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် မတူကွဲပြားသော အရည်အချင်းများရှိနေသည်ကိုမူ စီးပွားရေးဘာသာရပ်များနှင့် ရင်းနှီးကျွမ်းဝင်သူအများစု နားလည်ပြီးသားဖြစ်သည်။ မည်သို့ပင်ခေါ်စေကာမူ Entrepreneur (စွန့်ဦးတီထွင်လုပ်ကိုင်သူ၊ လုပ်ငန်းရှင်)များတွင် ၎င်းတို့၏ကိုယ်ပိုင်အကျိုးစီးပွားအတွက် သာမက ၎င်းနေထိုင်ကျင်လည်နေသည့် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းစေသည့် ထူးခြားသော စရိုက်လက္ခဏာများ ရှိနေသည်ကို တွေ့ရသည်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်း၊ အခက်အခဲများ၊ ပြဿနာများ ကိုယ်တိုင်ကြုံတွေ့သည်ဖြစ်စေ၊ အခြားသူတစ်ဦးကြုံတွေ့နေရသည်ကို သိလျက်ဖြစ်စေ ဂရုတစိုက်၊ အလေးထားဖြေရှင်းတတ်ခြင်း(ဖြေရှင်းပေးတတ်ခြင်း)၊ သင်ယူလိုစိတ်ရှိခြင်း၊ လူ့အဖွဲ့

အကျိုးအမြတ်ကို ဖန်တီးရယူခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းစွန့်ဦးတီထွင်လုပ်ငန်းရှင်ဟု ခေါ်သူများကို သင့်တင့်စွာ စွန့်စားလုပ်ကိုင်သူ(Moderate risk taker)များဖြစ်သည်ဟုလည်းဆိုကြသည်။ ဈေးကွက်အတွင်း ယခင်ကမရှိဖူးသေးသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုမျိုးကို တီထွင်ကြံဆ၊ ဖန်တီးလျက် ဈေးကွက်သစ်ထိုးဖောက်ရင်း ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးမှုများကိုပါ ကျော်လွှားနိုင်ရေးအတွက် စွန့်စားလုပ်ဆောင်ကြခြင်းဖြစ်သည်။

ထို့ကြောင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် ၎င်းတို့၏ ငွေကြေးအကျိုးအမြတ်ဖြစ်ထွန်းမှုနှင့်အတူ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ အခြားသောလူမှုစီးပွား ကောင်းကျိုးဖြစ်ထွန်းမှုများအတွက်ပါ အထောက်အကူပြုသည်ဟု ကောက်ချက်ချကြသည်။ ထို့ပြင် ကုန်သွယ်ရေးကဏ္ဍ အရေးပါမှုပိုမိုအားကောင်းလာသော ကမ္ဘာ့စီးပွားရေးဝန်းကျင်အရ ယနေ့ကာလတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် ပို၍ပင်ကြီးမားလာလျက်ရှိနေသည်။ အိန္ဒိယနိုင်ငံ၏အတွေ့အကြုံအရ စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် တီထွင်ကြံဆမှုများဖြင့် အမြဲတိုးတက်ပြောင်းလဲနေသော နည်းပညာဝန်းကျင်ကို ဖန်တီးပေးသည်။ ကုန်စည်အမယ်သစ်များ ကြံဆထုတ်လုပ်၍ ပို့ကုန်ဈေးကွက်သစ်များကို ရှာဖွေ

စီးပွားရေးပညာရှင် ဂျိုးဇက်ရှွန်းပီတာ(၁၈၈၃-၁၉၅၀)က စွန့်ဦးတီထွင်လုပ်ငန်းရှင်ဆိုသည်မှာ ကုန်ထုတ်စွမ်းအားစုများကို နည်းလမ်းသစ်များဖြင့် ပေါင်းစပ်ဖွဲ့စည်း၍ စီးပွားရေးဖွံ့ဖြိုးမှုကို ယူဆောင်လာနိုင်သော ဆန်းသစ်တီထွင်ပြောင်းလဲသူဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ၎င်းတို့သည် ကုန်စည်သစ်၊ ဝန်ဆောင်မှုသစ်နှင့် အရည်အသွေးသစ်၊ ထုတ်လုပ်မှုနည်းစနစ်သစ်နှင့် ဈေးကွက်သစ်၊ ကုန်ကြမ်းအသစ်နှင့် ကုန်ကြမ်းဇာစ်မြစ်အသစ်၊ လုပ်ငန်းဖွဲ့စည်းပုံအသစ်နှင့် စီးပွားရေးဝန်းကျင်သစ်တို့ကို ဖြစ်စေနိုင်သည့်သူများဖြစ်သည်။ ကုန်ထုတ်လုပ်မှုအားနည်းနေသော၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့ပိုင်ဆိုင်သည့် သဘာဝကုန်ကြမ်းများကို တီထွင်ကြံဆမှုအမျိုးမျိုးဖြင့် ပေါင်းစပ် လုပ်ကိုင်တတ်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို မဖြစ်မနေ ပြုစုပျိုးထောင်၊ မွေးမြူကြရပေတော့မည်။ အနာဂတ်နိုင်ငံတော်သစ်၏ ဖြစ်ထွန်းလာမည့် စီးပွားရေးသစ်သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့၏ လက်ထဲတွင်ရှိနေပေသည်။

○○

## ကျောက်ကပ်တု သွေးသန့်စင်ခြင်းလုပ်ငန်း (၁)နှစ်ပြည့်အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ် ကျောက်ကပ်တုသွေးသန့်စင်ခြင်းလုပ်ငန်း တစ်နှစ်ပြည့် အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ အသင်းပညာဒါန ခန်းမဆောင်တွင် ကျင်းပသည်။

အဆိုပါအသင်းမှ ကျောက်ကပ်တု သွေးသန့်စင်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းအနေဖြင့် တစ်နှစ်တာအတွင်း လူနာပေါင်း ၁၁၈ ဦးကို အကြိမ်ရေ ၃၁၂၈ ကြိမ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကုသိုလ်ဖြစ်ဆောင်ရွက်ပေးရာတွင် သာသနာ့နွယ်ဝင်များ၊ အသက် (၁၂) နှစ်အောက် ကလေးငယ်များ၊ ဆေးကြောမှု အကြိမ်ရေ ၂၀၀ အထက်ရှိသူများ၊ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းတွင် ပါဝင်လှုပ်ရှားလုပ်ကိုင်ပေးနေသူများ၊ စရိတ်မျှပေးကို မတတ်နိုင်သူများကို လုံးဝအခမဲ့ ကုသပေးလျက်ရှိသည့်နည်းတူ စရိတ်မျှပေးတွင် တစ်ကြိမ်အတွက် ကျပ်ငွေနှစ်သောင်းကျသင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါအသင်း၌ ကျောက်ကပ်တု သွေးသန့်စင်စက် ၁၅လုံးဖြင့်ဆောင်ရွက်ပေးလျက်ရှိပြီး ရှေ့ဆက်ပြီး တိုးချဲ့ဆောင်ရွက်သွားရန်ရှိကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

အခမ်းအနားတွင် ဆီးနှင့်ကျောက်ကပ်ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ထားကြည်ဆွေက ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်ဝေဒနာနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များ ၊ သတိပြုရန်များကို အသိပညာပေး ရှင်းလင်းဟောပြောကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ)**



**ပြည်သူများ မူခင်းဆိုင်ရာအန္တရာယ်လျော့နည်းစေရေးနှင့် အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ အောက်တိုဘာဒုတိယပတ်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမျိုးလွင်ဦးစီးသော မူခင်းပညာပေးပြခန်းမော်တော်ယာဉ် ငါန်းဇွန်မြို့သို့ရောက်ရှိပြသရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။**

တင်မောင်(မန်းကိုယ်ပွား)

# Institute of International Education(IIE)နှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ ပူးပေါင်း၍ Special Meeting ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**
Institute of International Education(IIE) နှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်များတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် Special Meeting ကို ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်နေပါကြောင်း၊ အဆင့်ပညာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍသည် အရေးပါကြောင်း၊ တက္ကသိုလ်ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်၍ အရည်အသွေးမြင့်မားရေး ကြိုးပမ်းစီစဉ်လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန ဂျာနယ်ဆိုင်ရာများ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် အရှိန်အဟုန်မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် IIE မှ ပညာရှင်များဖြစ်ကြသော Ms.Clare Banks, Ms.JoannaRegulska, Mr.Ken Holland တို့နှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက Overview of IIE Activities in Myanmar, Internationalization in Myanmar, Knowledge sharing in International Education, Introducing the Myanmar International



Higher Education Association စသည်တို့ကို ဆွေးနွေးကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ စုစုပေါင်း အင်အား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒလသားတို့၏ ရွှေရောင်အိပ်မက်တံတား မကြာမီစတင်တော့မည်

**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း(ESIA)လေ့လာမှုများဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်တွင် လမ်းမတော်မြို့နယ် အလက(၁) မြမာလာခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီထိလည်းကောင်း၊ ဒလမြို့ ကမာကဆစ်ရပ်ကွက် ကမာကဆစ်အနောက်ကျောင်း၌ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ကျင်းပမည်ဟု တံတားဦးစီးမှ သိရသည်။

အဆိုပါတံတားသည် တံတားကင်းလွတ်အမြင့် ပေ ၁၆၀၊ တံတားအရှည် ၆၁၄၄ ပေ၊ တံတားအမျိုးအစား ကြိုးဆိုင်းလေးလမ်းသွား၊ ရေလမ်းကင်းလွတ် ၈၂၃ ပေ၊ တံတားခံနိုင်ဝန် ၇၅ တန်(တစ်စီးချင်း)၊ ဒလဘက်ချဉ်းကပ်တံတား ၁၃၈ ပေ၊ လေးလမ်းသွားအမြင့် ၁၄၁ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ်တံတား နှစ်လမ်းသွားအမြင့် ၁၃၈ ပေရှိပြီး Noise Barrier တပ်ဆင်ပေးမည်ဖြစ်သဖြင့် လက်ရှိဆူညံသံထက် အသံပိုငြိမ်သည်။တံတားကြောင့် ယာဉ်ပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်ထားသည်ဟု တံတားဦးစီးထံမှ သိရသည်။

**အောင်မင်း(ဒလ)**

# လယ်ယာလုပ်ငန်းခွင်များအတွက် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်မည့်အစီအစဉ်

**နေပြည်တော် အောက်တိုဘာ ၂၁**
လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အညီ အချိန်မီ လုပ်ငန်းများပြီးစီးစေရန်အတွက် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ တောင်သူများအနေဖြင့် စက်ကိရိယာဝယ်ယူရန် ဆန္ဒရှိသော်လည်း စက်တန်ဖိုးကြီးမြင့်မှုကြောင့် ဝယ်ယူရန် အခက်အခဲများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍအတွက် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရေးနှင့် စက်ကိရိယာများ တိုးမြှင့်သုံးစွဲနိုင်ရေးတို့အတွက် ရည်ရွယ်ကာ စီမံဆောင်ရွက်ခြင်း ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ ကြိုက်နှစ်သက်သည့် ထွန်စက်ကြီးများနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို အဓိကထားဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဆောင်ရွက်ရာတွင် စက်တန်ဖိုးလျှော့နည်းစေရေး၊ အရည်အသွေးအာမခံမှု ရှိစေရေး၊ ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ စက်အရန်ပစ္စည်းများ အလွယ်တကူ ရရှိရေး၊ စက်ကိုမောင်းနှင်ကိုင်တွယ်ထိန်းသိမ်းတတ်စေရေးတို့ကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကလုပ်ကိုင်လိုသူများနှင့် စက်တင်သွင်းရောင်းချသူများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စက်ဝယ်ယူမည့် ဝန်ဆောင်မှု လုပ်ကိုင်လိုသူများအတွက် လက်ရှိပြင်ပမှ လက်ငင်းငွေပေးချေဝယ်ယူသုံးစွဲနေသော ဈေးနှုန်းများထက် စက်တန်ဖိုးသက်သာစေရေးကို ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ငွေပေးချေရမည့်အစီအစဉ်မှာ စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုသာကနဦးပေးသွင်း၍ စက်ကို ရယူခြင်း၊ ကျန် ၉၀ ရာခိုင်နှုန်းကို မိမိလုပ်ငန်းခွင်တွင် အသုံးပြုခြင်း၊ အငှားဝန်ဆောင်မှုလုပ်ကိုင်ခြင်းတို့ဖြင့် ငွေကြေးစုဆောင်းကာခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းစီပေးသွင်းပြီး ခြောက်ရစ်ခွဲ၍ သုံးနှစ်အတွင်းပေးချေခြင်းဖြင့် ဆောင်ရွက်ရန် ဖြစ်သည်။

တောင်သူများဝယ်ယူလိုသည့် ထွန်စက်ကြီးများနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ဦးစွာဖြည့်တင်းဖြန့်ဖြူး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တောင်သူလိုအပ်ချက်နှင့် ထောက်ခံမှုအပေါ်မူတည်၍ စိစစ်ကာ လယ်ယာသုံးစက်ကိရိယာများကို အသုတ်လိုက်ထပ်မံဖြည့်တင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဝယ်ယူလိုသူများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်အသေးစိတ်ကို သက်ဆိုင်ရာမြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်းနိုင်သည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ပင်ဂွင်းငှက်ကိုးကောင် ဂျပန်နိုင်ငံမှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**
တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် Humboldt အမျိုးအစား ပင်ဂွင်းငှက် ကိုးကောင်အား ထူးကုမ္ပဏီများအုပ်စု၊ တိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ်များဌာန၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ရောက်ရှိခဲ့ပြီး အအေးခန်း မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်ခဲ့ရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ယနေ့နံနက် ၁ နာရီခန့်တွင် ကောင်းမွန်စွာ ရောက်ရှိခဲ့သည်။

ရောက်ရှိလာသော ပင်ဂွင်းငှက်များသည် အပူအအေးထိန်းညှိထားသည့် ပြကွက်အတွင်းရှိ ရေကန်အတွင်း ပျော်ရွှင်လန်းဆန်းစွာ ရေကူးဆော့ကစားခြင်း၊ အသင့်ပြင်ဆင်ထားသည့် ပလာတူးငါးများကို စားသုံးခြင်းတို့ ပြုလုပ်ကြသည်။

အဆိုပါ Humboldt အမျိုးအစား ပင်ဂွင်းငှက်များ၏ နေရင်းဒေသသည် တောင်အမေရိကတိုက် အနောက်ခြမ်းရှိ ချီလီနိုင်ငံနှင့် ပီရူးနိုင်ငံ ကမ်းခြေဒေသများဖြစ်သဖြင့် ပြကွက်အတွင်းရှိ လေနှင့်ရေကူးကန်အတွင်းရှိ ရေတို့အား နေရင်းဒေသနှင့်ကိုက်ညီအောင် အပူအအေးထိန်းညှိပေးထားခြင်း၊ သဘာဝကျောက်ဆောင်ပုံစံများ ပြုလုပ်ပေးခြင်း၊ ရောဂါပိုးမွှားသန့်စင်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ပင်ဂွင်းငှက်များအား ပြကွက်သစ်အတွင်း နေသားကျစေရေး၊ တိရစ္ဆာန်ထိန်းများနှင့် ရင်းနှီးယဉ်ပါးမှုရှိစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လိုအပ်သည့် လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစနစ်များအား သင်ကြားလေ့ကျင့်ရေးတို့ကို ပင်ဂွင်းငှက်များနှင့်အတူ ပြည်ပမှ လိုက်ပါလာသည့် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများအား ကြည့်ရှုလေ့လာနိုင်ရန်အတွက် မကြာမီကာလအတွင်း စတင်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိလာသည့် ပင်ဂွင်းငှက်များအား တွေ့ရစဉ်။

# နိုင်ငံရေးစာပေစာတမ်းစာအုပ်(ပထမတွဲ+ဒုတိယတွဲ)နှင့် ပြည်သူ့အတွက် ပထမ ရက်(၁၀၀) စာအုပ်များ ဖြန့်ချိမည်

**နေပြည်တော် အောက်တိုဘာ ၂၁**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေဖြန့်ချိမည့် "ပြည်သူ့အတွက် ပထမရက်(၁၀၀)စာအုပ်"နှင့် "နိုင်ငံရေးစာပေစာတမ်းများ (ပထမတွဲ+ဒုတိယတွဲ)"စာအုပ်များကို အောက်တိုဘာ ၂၄ ရက်တွင် ထွက်ရှိလာမည်ဖြစ်သည်။

အဆိုပါစာအုပ်များမှ ပြည်သူ့အတွက် ရက်(၁၀၀)စာအုပ်ရောင်းဈေးမှာ ငွေကျပ် ၃၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ(ပထမတွဲ)မှာ ငွေကျပ် ၂၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ (ဒုတိယတွဲ)မှာ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)ရှိ ဆိုင်များတွင် အောက်တိုဘာ ၂၄ ရက်မှ စတင်၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာလ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀-၂၁ ပါ ဆောင်းပါးရှင် ညွှန့်ဝင်းလေး၏ စက်မှုဇုန်(ရန်ကုန်)ဆောင်းပါး စာမျက်နှာ ၂၁ ကော်လံ ၆ အောက်ဆုံးပိုဒ် လေးကြောင်းမြောက်ပါ Hell Established Industrial Zones အစား Well Established Industrial Zones ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်းအဖွဲ့)**

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ အနုပညာအမွေ လက်ဆင့်ကမ်းသူနှင့် ခံယူသူတို့အကြား ကြည်နူးရွှင်ပျ အပေးအယူမှုတစ်စွာဖြင့် ဆက်လက်ကျင်းပသည်။**

### အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဒေါ်ခင်မာကြည်၊ ချင်းပြည်နယ်မှ မဝင့်ဝါချို၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရန်ကုန် တိုင်းဒေသကြီးမှ ဒေါ်မြင့်မြင့်သန်း၊ မန္တလေးတိုင်း ဒေသကြီးမှ ဒေါ်သဥ္ဇာမျိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဇင်မာငြိမ်း၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်တင်နိုင်မိုး၊ ပဲခူး တိုင်းဒေသကြီးမှ ဒေါ်အေးအေးခိုင်(ခ) ဒေါ်အေးအေးမြိုင် နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းကြည်ခိုင်တို့က **ဒီပါမြေ (ပတ်ပျိုး)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင် ပြည်နယ်မှ မောင်ကျော်မျိုးပိုင်၊ မွန်ပြည်နယ်မှ မောင်သန်းလင်း အောင်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စည်သူဖြိုး၊ ရှမ်း ပြည်နယ်မှ မောင်နိုင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဘုန်းသူရကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ချစ် နောင်နောင်၊ မကွေးတိုင်းဒေသကြီးမှ မောင်ရဲကိုစိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်မိုးဇင်အောင်တို့က **မြိုင်တန်း မျှောင်ဝေ(ကရင်သြ)**ဖြင့် လည်းကောင်း မြန်မာ့ဂီတရသကို ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

### ကာလပေါ်တေးပြိုင်ပွဲ

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင်အမှတ်(၄)၌ ကျင်းပရာ **ဝါသနာရှင် အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ကချင် ပြည်နယ်မှ မောင်သန့်ဇင်ဦး၊ ကရင်ပြည်နယ်မှ မောင်စောအောင်ထွန်းမင်း၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးရာဇာကျော်၊ ရခိုင်ပြည်နယ်မှ ဦးပိုင်ဖြိုးကို၊ ရှမ်းပြည်နယ်မှ ဦးစိုးမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတိုင်းချစ်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးချစ်သွေး၊ စစ်ကိုင်း တိုင်းဒေသကြီးမှ ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟန်လင်းထွန်း နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးမောင်မြင့်တို့က **မောင်မောင်ကြီး၏ လွမ်းအိပ်မက်က သံသရာရှည်** သီချင်း ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမြင့်မြင့်စမ်း၊ ကယားပြည်နယ်မှ မအေးမြတ်မူ၊ ကရင် ပြည်နယ်မှ မဖြိုးပြည့်ပြည့်ကျော်၊ ချင်းပြည်နယ်မှ မတင်ကြွေး၊ မွန်ပြည်နယ်မှ မဖြူဇင်သင်း၊ ရခိုင်ပြည်နယ်မှ မငွေစင် ကြယ်၊ ရှမ်းပြည်နယ်မှ မနန်းမြတ်စုခင်၊ ရန်ကုန်တိုင်း ဒေသကြီးမှ မခင်လပြည့်ဝန်း၊ မန္တလေးတိုင်းဒေသကြီးမှ မရတနာချစ်စုဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသဥ္ဇာမြတ်ထူး၊ မကွေးတိုင်းဒေသကြီးမှ မသဲသဲ၊ ပဲခူးတိုင်းဒေသကြီးမှ မအိမွန်ဇင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မစံပယ်ဖြူဖွေး တို့က **လီလီကြာညွန့်၏ မြန်မာ့အားအင်** သီချင်းဖြင့် လည်းကောင်း ရွေးမူမပျက် သီဆိုယှဉ်ပြိုင်ကြသည်။

### အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အက(အလွတ်တန်း)ပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေး တက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ကချင်တိုင်းရင်းသား တို့က ရဝမ်၊ ဂျိန်းဖော၊ လီဆူး၊ လချိတ်၊ လဝေါ်နှင့် ဇိုင်ဝါး တို့၏ ရိုးရာဓလေ့ထုံးတမ်းများ **တေးသရုပ်ဖော်အက**ဖြင့် လည်းကောင်း၊ ကယားတိုင်းရင်းသားတို့က ရိုးရာပွဲတော် များတွင် ထင်ရှားသည့် **ဖားစည်အက**ဖြင့် လည်းကောင်း၊ ကရင်တိုင်းရင်းသားတို့က ရိုးရာဓလေ့ထုံးတမ်းများ **တေး သရုပ်ဖော်အက**ဖြင့် လည်းကောင်း၊ ချင်းတိုင်းရင်းသားတို့က စည်းလုံးခြင်းသည် ခွန်အားဟု အဓိပ္ပာယ်ရသည့် **ရှုဆုပ် အက(သို့မဟုတ်) နွေဦးရာသီရိုးရာအက**ဖြင့် လည်းကောင်း၊ မွန်တိုင်းရင်းသားတို့က **ရိုးရာယိမ်းအက**ဖြင့် လည်းကောင်း၊ ရခိုင်တိုင်းရင်းသားတို့က ရှေးရိုးရာ ရတု၊ ရကန်၊ အေးအိုင်၊ သာချင်းတို့ကို ဖွဲ့ဆိုထားသည့် **စာဆိုအမွေ ထွန်းပြောင်လီ အက**ဖြင့် လည်းကောင်း၊ ရှမ်းတိုင်းရင်းသားတို့က **ရိုးရာ အိုးစည်အက**ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးက လက်ပံပွင့်ကောက်တေးသီချင်းဖြင့် **နွေပန်းချီခြယ်သ ကျေးလက်သဘာဝ သရုပ်ဖော်အက**ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးက **ကျေးလက်အက**ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက **ကျေးလက်တေးသရုပ်ဖော် အက**ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးက **ကရင် တိုင်းရင်းသားရိုးရာအက**ဖြင့် လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးက ဧရာဝတီအလှ တေးသီချင်းဖြင့် **ကျေးလက် ရိုးရာ ပုသိမ်ထီးယိမ်းအက**ဖြင့် လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးက ထားဝယ်ကျေးလက်ရိုးရာ **ရေအိုးရွက် အက**ဖြင့် လည်းကောင်း ပြည်ထောင်စု၏အလှ၊ ပြည်ထောင်စု၏အင်အားကို ဖော်ညွှန်းသရုပ်ဖော် ယှဉ်ပြိုင် ကြသည်။

### အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ် ကိုက်ညီလေ့ကျင့်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ-(၁)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)**ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိဏ်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးနိုင်ဝင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ တက္ကသိုလ်ကိုကိုလင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်ထွေး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ထရမ်းပက်သန်းရှိန်တို့က သံစဉ် ထည့်သွင်းဖော်ကျူးကြသည်။

### အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို သစ်တော သုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာပြည်ပတ္တမြား(ခ)ကျော်ကျော်လင်း၊ မန္တလေးတိုင်း ဒေသကြီးမှ ဦးပတ္တမြားမြဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဇော်မျိုးအောင်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးဇော်မင်းထွန်း (ခ) ဦးဇော်ဇော်နိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဧရာဝတီ သန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဝင်းဗိုလ်တို့က လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀နှစ်မှ ၁၅ နှစ်)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်လင်းထက်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇာနည်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဉက္ကာစိုး နှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ကိုတို့က လည်းကောင်း မြိုင်ဆိုင်မြူးကြွသည့် ဆိုင်းလက်သံများဖြင့် ယှဉ်ပြိုင်ကြ သည်။

### ပတ္တလားပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်ပတ္တမြား ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်**(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်း ဗိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသိန်းဗိုလ်ဗိုလ်နှင့် ပဲခူး တိုင်းဒေသကြီးမှ ဦးမြတ်ဇင်အောင်တို့က **တောမြိုင်ခြေလမ်း (ယိုးဒယား)**ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မပန်းအိစံ နှင့် မန္တလေးတိုင်းဒေသကြီးမှ မခင်ဘိုဘိုဟန်တို့က **လွမ်းပိုအောင်ညှိမင်းလွင် (ယိုးဒယား)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသား ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်နေထွန်းအောင်၊ ကယားပြည်နယ်မှ မောင်ငြိမ်းချမ်းအောင်နှင့် ရန်ကုန်တိုင်း ဒေသကြီးမှ မောင်ဟိန်းမေတ္တာတို့က **မှိုင်းရိပ်ကယ်တည့် ဝေမှောင်(ကြိုး)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးမှ

**စာမျက်နှာ ၉ သို့**



အရေးတေးသီချင်းပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)
မန္တလေးတိုင်းဒေသကြီးမှ ဦးနိုင်ဝင်း



ပတ္တလားအခြေခံပညာအဆင့်(၁၅-၂၀)(ကျား)ကချင်ပြည်နယ်မှ
မောင်နေထွန်းအောင်



ဆိုင်းတစ်ဦးချင်းအခြေခံပညာအဆင့်(၁၀-၁၅)(ကျား)
စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဉက္ကာစိုး



အဆိုမဟာဂီတအခြေခံပညာအဆင့်(၁၀-၁၅)(ကျား)
ရခိုင်ပြည်နယ်မှ မောင်ပြည့်စည်သူဖြိုး



အဆိုကာလပေါ်အခြေခံပညာအဆင့်(၁၀-၁၅)(မ)
ကယားပြည်နယ်မှ မအေးမြတ်မူ



တယောအဆင့်မြင့်ပညာအဆင့်(မ)
မန္တလေးတိုင်းဒေသကြီးမှ မနော်မေဘယ်လ်မောင်



မယ်ဒလင်အခြေခံပညာအဆင့်(၁၅-၂၀)(ကျား)
ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင်

# အောင်စိုးမိုးကျော် -၂ အမြန်ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ် နစ်မြုပ်မှုနှင့် ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ယနေ့ ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်တွင် အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်သည် ဟုမ္မလင်းမှ မုံရွာသို့ ထွက်ခွာလာခဲ့ပြီး အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်အကြား မိချောင်းတွင်းကျေးရွာအနီး၌ တိမ်းမှောက်နစ်မြုပ်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ရေယာဉ်မောင်း ဦးဇော်မျိုးဝင်းမှာ ရေယာဉ်နစ်မြုပ်စဉ် ပျောက်ဆုံးသူများစာရင်းတွင်ပါရှိပြီး ယနေ့တိုင် ပြန်လည်တွေ့ရှိခြင်း မရှိကြောင်း၊ ရေယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ၁၅၉ ဦးအား အသက်ရှင်လျက် ကယ်ဆယ်ဆောင်ရွက်ပေးခဲ့ပြီး ရေနစ်မြုပ်သေဆုံးသည့် ရုပ်အလောင်း ၆၈ လောင်းကိုလည်း ဆယ်ယူရရှိခဲ့ကြောင်း၊ အသက်များစွာ ဆုံးရှုံးခဲ့သော ဖြစ်စဉ်ကြီးတစ်ခုဖြစ်ပြီး ယင်းဆုံးရှုံးမှုအတွက် များစွာဝမ်းနည်းရပါကြောင်း။

တပ်မတော်အနေဖြင့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း လိုအပ်သည်များကို အပြည့်အဝ ကူညီဆောင်ရွက်ပေးလျက်ရှိပြီးဖြစ်စဉ်တွင် ဝိုင်းဝန်း၍ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ချီးကျူးမှတ်တမ်းတင်ပါကြောင်း၊ ချင်းတွင်းမြစ်ကြောင်းတွင် ယခုကဲ့သို့ ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များ များစွာဖြစ်ပေါ်ခဲ့ပြီး အသက်များစွာ ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ ရေယာဉ်ခရီးသွားလာမှု လုံခြုံရေးဆိုင်ရာ ကြပ်မတ်ခြင်းနှင့် လိုက်နာရန် လိုအပ်ချက်များ ရှိနေသေးသည်ကို ဖော်ပြလျက်ရှိကြောင်း။

နစ်မြုပ်သွားသည့် အမြန်ရေယာဉ်အား အောက်တိုဘာ ၁၉ ရက်တွင် ကရိန်းဖြင့်ဆယ်ယူရေးဆောင်ရွက်ရာ၌ အထူးခန်းများအတွင်း ပိတ်မိနေသည့် ခရီးသည်များ၏ ရုပ်အလောင်းများအား သယ်ထုတ်စဉ် မုံရွာတပ်နယ်မှ အမှတ် - တ- ၄၅၇၉၁၉ တပ်သား အောင်ဆန်းဦးနှင့် အမှတ်-တ-၅၁၁၅၉၉ တပ်သား ကျော်ဇေယျ၊ မုံရွာမြို့မီးသတ်ဦးစီးဌာနမှ အမှတ် မ- ၂၄၇၉၅ တပ်သား မြနိုင်၊ အမှတ် မ-၂၄၈၀၁ တပ်သား တင့်လွင်ဦး၊ အမှတ် မ-၂၇၅၇၁ တပ်သား ဇော်လင်းမောင်၊ အမှတ် မ-၂၇၅၇၅ တပ်သား ဇော်ဌေးတို့သည် ခက်ခဲစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှ ဆုံးဖြတ်ချက်များချမှတ်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်း စတုတ္ထနေ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့အစည်းအဝေးတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပရာတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှု ကြီးကြပ်ရေးကော်မတီဖွဲ့စည်းရန်အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကြီးကြပ်ရေးကော်မတီ ကိုးဦး ရွေးချယ်ရန်နှင့် ဆုံးဖြတ်ရန် ကျန်ရှိနေသည့် လုပ်ငန်းလမ်းညွှန် ToR တချို့အား အတည်ပြုနိုင်ရန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့အစည်းအဝေးမှာတော့ UNFC က ဖွဲ့စည်းထားတဲ့ DPN (နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့) အနေနဲ့ နိုင်ငံခြားခရီးစဉ်သွားရမှာမို့ တက်ရောက်နိုင်ခြင်းမရှိပါဘူး။ ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေ အားလုံးကိုတော့ DPN ဆီရောက်အောင်ပို့ပေးမှာပါ။ ဒီနေ့ ကျွန်တော်တို့ အချောသပ်နိုင်ခဲ့တဲ့ မူဘောင်သုံးသပ်မှုတွေနဲ့ လုပ်ငန်းလမ်းညွှန် ToR အားလုံးကို ဒီလ ၂၈ ရက်နေ့ နေပြည်တော်မှာလုပ်မယ့် UPDJC အစည်းအဝေးမှာ တင်ပြပြီးတော့ အတည်ပြုချက်ယူပါမယ်။ အဲဒီမှာ အတည်ပြုချက်ရရင်တော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လုပ်ပါမယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UPDJC ရဲ့ ဥက္ကဋ္ဌပါ"ဟု ပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ယခုကဲ့သို့ အကောင်အထည်ဖော်ရခြင်းသည် NCA စာချုပ်တွင်ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဆိုပြုထားသည့် လမ်းပြမြေပုံ (၇) ချက် အတိုင်းအကောင်အထည်ဖော်ရခြင်းဖြစ်သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဦးဆောင်နာယက ခွန်ဥက္ကာက "ထိတွေ့မှုတွေ ရှိနေတာတောင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဘာကြောင့်လုပ်သလဲ။ မြန်မနေဘူးလားမေးရင် ဒါဟာ မြန်တာလည်းမဟုတ်ဘူး။ နှေးတာလည်းမဟုတ်ဘူး။ NCA ပြဋ္ဌာန်းချက်ဖြစ်တယ်။ NCA စာချုပ်မှာ လမ်းပြမြေပုံရဲ့ အဆင့်သုံးမှာ ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းဆိုပြီးတော့ပါ။ NCA ဆွေးနွေးတုန်းက ဘာလို့ ကျွန်တော်တို့ ထည့်ရေးသလဲဆိုရင် အောက်ခြေက အသံတွေ ဆန္ဒတွေကို အရင်ယူပြီးမှ ပြည်ထောင်စုအဆင့် ညီလာခံကို တင်သွင်းဖို့ဆိုတာပါ။ အမျိုးသားအဆင့်ကနေ စုစည်းမယ်။ အပေါ် ပြည်ထောင်စုအဆင့်ကိုတင်မယ် ဆိုတဲ့ပြင်ဆင်မှုပါ"ဟု ပြောသည်။

ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်ပြီး NCA ၏ ရှေ့လုပ်ငန်းစဉ်များအကြောင်းနှင့် စပ်လျဉ်း၍ ခွန်ဥက္ကာက "ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံခေါ် ယူတဲ့အကြိမ်တွေများလာပြီး နောက်ဆုံးခေါ်ယူမှုခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ဖြစ်သွားလို့ ပြည်ထောင်စုစာချုပ်ကြီး ချုပ်နိုင်ပြီဆို ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့နိုင်ငံရေး ရည်မှန်းချက်ကိုရောက်မှာ ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံရေးရည်မှန်းချက်ကိုမရမချင်း အချိန်ဆွဲလို့မရဘူး။ ဖက်ဒရယ်ပြည်ထောင်စုအဆင့်မျိုး နိုင်ငံရေးသဘောတူညီမှုမရမချင်း ပဋိပက္ခတွေ၊ ပြဿနာတွေက ရှိနေတယ်။ ခဏဆိုင်းထားလို့ မရဘူး။ ပဋိပက္ခရှိတယ်။ တစ်ဖက်က သွားရင် တစ်ဖက်က ခုခံမယ်။ တစ်ဖက်က သွားနေတစ်ဖက်က ခုခံနေလို့ နိုင်ငံရေး လမ်းကြောင်းကို ရပ်ထားရမယ်ဆိုရင် ဘယ်သောအခါမှ ပဋိပက္ခမီးက မငြိမ်းဘူး။ နိုင်ငံရေးနည်းနဲ့ပဲ သွားရမယ်။ အခုသွားနေတဲ့ လမ်းကြောင်းက အဲ့ဒီပဋိပက္ခတွေကို တရားဝင်နိုင်ငံရေးနည်းနဲ့ လမ်းကြောင်းနဲ့ ငြိမ်းသတ်နေတာဖြစ်တယ်။ ဒါကိုလည်း မျက်ခြည်ပြတ်လို့မရဘူး"ဟု ဆိုသည်။

အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်နေ့အထိ လေးရက်တာ ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်တစ်ခုလုံး ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ခဲ့သည်။ ယင်းအပြင် အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ(တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန်တို့ကို သဘောတူနိုင်ခဲ့ကြောင်းသိရသည်။

တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခွင့်ရမည့်အခြေအနေနှင့် ပတ်သက်၍ UPDJC အဖွဲ့ဝင် မွန်အမျိုးသားပါတီမှ ဦးကျော်ဇေယျဦးက "အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတဲ့နေရာမှာ ကျွန်တော်သတင်းစကားတစ်ခု ပါးချင်ပါတယ်။ ဒါကတော့ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေ အားလုံးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ခွင့်၊ ဦးဆောင်ကျင်းပခွင့်ရှိတယ်ဆိုတာ ဆွေးနွေးပွဲက ဆုံးဖြတ်နိုင်တယ်။ UPDJC က အတည်ပြုဖို့ပဲ ကျန်တယ်" ဟု ဆိုသည်။

အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့ပြီး UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ခွန်ဥက္ကာ၊ UPDJC အဖွဲ့ဝင် မွန်အမျိုးသားပါတီမှ ဦးကျော်ဇေယျဦးတို့က အစည်းအဝေး ရလဒ်များနှင့် ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ဖြေကြားသည်။ ယနေ့ပြုလုပ်သည့် စတုတ္ထနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ကိုးဦး၊ တိုင်းရင်းသားလက်နက်ကိုင်များကိုယ်စားလှယ် CT အဖွဲ့ဝင် ၁၂ ဦး၊ နိုင်ငံရေးပါတီများကိုယ်စားလှယ်ငါးဦး တက်ရောက်သည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်သည့်အနေအထားနှင့်ပတ်သက်၍ ဦးလှမောင်ရွှေက "UPDJC ကို တင်ပြမယ်။ အတည်ပြုချက်ရရင် UPDJC အဖွဲ့ဝင်တွေက သူတို့ဆောင်ရွက်နိုင်မယ့် ပြည်နယ်/တိုင်းဒေသကြီးတွေ တင်ပြဖို့ရှိတယ်။ အထူးသဖြင့် ပဋိပက္ခမရှိတဲ့ မွန်၊ ကရင်၊ တနင်္သာရီတွေ ပိုပြီးဖြစ်နိုင်တယ်ပေါ့"ဟု ဆိုသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်အတည်ပြုရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ UPDJC အစည်းအဝေးကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပနိုင်ရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

**သတင်း-ရဲခေါင်ညွန့်**

**စာမျက်နှာ ၈ မှ**

မသဲအိအိသွယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဌေးယုအောင် (ခ) ရွှေရည်စန်းလွင် တို့က **ဆန်းနွေဦး (ယိုးဒယား)** ဖြင့်လည်းကောင်း နားဝင်ပီယံရှိသည့် ပတ္တလားသံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

### တယောပြိုင်ပွဲ

တယောပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ မွန်ပြည်နယ်မှ ဦးကျော်ဟန်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချိုကြီး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးယုမောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသန်းဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုးတို့က **ရွှေပြည်တော်သည် (ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်အေးစုမွန်က **အောင်မင်္ဂလာ (ယိုးဒယား)**ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ကျော်သီဟ၊ ရှမ်းပြည်နယ်မှ မောင်ဥက္ကာမြင့်မြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဗညားဇော်၊ မန္တလေးတိုင်းဒေသကြီးမှမောင်ဖေဖြိုးကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်လွှမ်းမိုးအောင်တို့က **ဖေယျာမြို့(ကြိုး)** ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနော်စေးစေးဝါးထူး၊ ရန်ကုန်တိုင်းဒေသကြီးမှ မဆုမြတ်အောင်၊ မန္တလေးတိုင်းဒေသကြီးမှ မနော်မေဘယ်လ်မောင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မသီရိဝင့်ဝါတို့က **ပြည်တော်ဝင် (ကာလပေါ်)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်သက်လွင်စိုးက **ရွှေပြည်ကြီးရော (ကြိုး)** ဖြင့်လည်းကောင်း တယောလက်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

### မယ်ဒလင်ပြိုင်ပွဲ

မယ်ဒလင်ပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးခင်မောင်ညွန့်၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပြေဌေး၊ မကွေးတိုင်းဒေသကြီးမှ ဦးလှိုင်မိုး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးသန်းရှိန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုးတို့က **ကျေးစေတမန် (ကာလပေါ်)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မစုစုထက်အောင် တို့က **ကျေးစေတမန် (ကာလပေါ်)** ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းက **မြိုင်ဟေမာ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်ထက်ပိုင်(ခ) ပိုင်ပိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင်တို့က **ထွေထွေဆန်းဆန်း (ကပီယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအိမ့်သရဖူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်သင်းကြည်တို့က **သုခုမ (ကာလပေါ်)** ဖြင့်လည်းကောင်း မယ်ဒလင်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက (အလွတ်တန်း)ပြိုင်ပွဲတွင် ကယားရိုးရာဖားစည်အကဖြင့် ယှဉ်ပြိုင်စဉ်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမ ပညာရပ်ကို စိတ်ဝင်စားကြသည့် ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## ရွှေဟောင်းသရေခေတ္တရာမြို့ဟောင်းအတွင်း ခင်ဘကုန်းအား တူးဖော်ခြင်းလုပ်ငန်းများပြုလုပ်

**ပြည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ရှေးဟောင်းသရေခေတ္တရာမြို့ဟောင်း အတွင်းမှ ရွှေပေလွှာများတွေ့ခဲ့ဖူးသည့် ခင်ဘကုန်းအား အောက်တိုဘာ ဒုတိယပတ်မှစတင်၍ တူးဖော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ခင်ဘကုန်းကို ကိုလိုနီခေတ်တွင် ပစ္စည်းရှာသည့် သဘောမျိုးသာတူးဖော်သွားခဲ့၍ ရေကန်ကြီးလို ချိုင့်ကြီးလိုဖြစ်နေခြင်းဖြစ်ကြောင်း သိမီလိုက်သူများ၏ ပြောကြားချက်အရ သိရှိရသည်။ ယင်းသို့ တူးဖော်စဉ်က ရွှေပေလွှာများနှင့် အခြားပစ္စည်းများရာနှင့်ချီ၍တွေ့ရှိခဲ့ပြီး ယခု ပြန်လည်တူးဖော်ရခြင်းမှာ မူလခေတ်လက်ရာများနှင့် အဆောက်အအုံ ပြန်လည်ရုပ်လုံးပေါ်လာကာ မူလတန်ဖိုးများ ထိန်းသိမ်းနိုင်ရန် စနစ်တကျ တူးဖော်ခြင်းဖြစ်ကြောင်း ကမ္ဘာ့အမွေအနှစ်ဌာနခွဲ၊ သရေခေတ္တရာဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

လက်ရှိ တူးဖော်လျက်ရှိသည့် ခင်ဘကုန်းအား ၁၉၂၆-၂၇ ခုနှစ် အင်္ဂလိပ် ကိုလိုနီလက်ထက်က တူးဖော်မှုများပြုလုပ်ခဲ့ပြီး ယင်းသို့ တူးဖော်ရာတွင် ရွှေပေလွှာ ခုနစ်ချပ်၊ ဗောဓိငွေကြုပ်၊ ကျောက်ပလ္လင်၊ ရုပ်တု၊ ရုပ်ကြွ အစရှိသဖြင့် အမျိုးအစားပေါင်းရာနှင့်ချီတူးဖော်ရရှိခဲ့ပြီး ၎င်းပစ္စည်းများအား ရန်ကုန်အမျိုးသားပြတိုက်၊ သရေခေတ္တရာ အမျိုးသားပြတိုက်တို့တွင် အများပြည်သူများကြည့်ရှုနိုင်စေရန် ပြသထားခဲ့သည်။ လက်ရှိ တူးဖော်ရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ်မှာပင် ရှေးဟောင်း ပျူခေတ်လက်ရာ ရွှေပြားအပိုင်းနှင့် ရွှေတိုရွှေစများ၊ မယ်တော်မာယာရုပ်ပုံဟု ယူဆရသည့် လက်ရာမြောက် မြေမီးဖုတ် ရုပ်ကြွအပိုင်းအစများ တူးဖော်ခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့တောင်ဘက်ခြောက်မိုင်ခန့်အကွာတွင် ရှိပြီး ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် မြို့ရိုး၊ ကျုံး၊ နန်းတော်ရာများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းသင်္ချိုင်းများ၊ ဆင်းတုတော်များတည်ရှိပြီး အေဒီ(၄)ရာစုမှ (၉)ရာစုအထိ အရှေ့တောင်အာရှ၌ ထင်ရှားကျော်ကြားသည့် ပျူအင်ပါယာကြီး အဖြစ်ရပ်တည်ခဲ့ကြောင်း သိရပြီး မြို့ရိုးအလျားမှာ ၈ မိုင် ၅ ဖာလုံ ကျော်ခန့်ရှိ၍ အဆိုပါသရေခေတ္တရာ ရှေးဟောင်းဇုန်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်အဆင့် သတ်မှတ်ရေးညီလာခံတွင် တက်ရောက်ကြသော (၂၁)နိုင်ငံမှ အသိအမှတ်ပြု သတ်မှတ်ခဲ့ခြင်းလည်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**

■

## ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအတွက် ဥဿျှစ်ပင်မြို့ မြို့သူ မြို့သားများက စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့၌ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပြည်ဒေသ ရခိုင်လူမှုကယ်ဆယ်ရေးအသင်းနှင့် ပြည်မြို့နှင့် ဥဿျှစ်ပင်မြို့တို့မှ ဒေသခံပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းရာတွင် ဥဿျှစ်ပင်မြို့ ဒေသခံပြည်သူများ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဝေဖြိုးပဲကြော် ၁၀ အိတ်နှင့် ခေါက်ဆွဲခြောက် ဖာ ၉၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ငွေကျပ် ၂၀၀ တန်ထီ နိုဝင်ဘာ ၁ ရက် ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

(၃၃၄)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နိုဝင်ဘာ ၁ ရက်(အင်္ဂါနေ့)နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၁၀၀၀ (၂)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၅)ဆု၊ ငွေကျပ်သိန်း ၃၀၀ (၆)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၇)ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ငွေကျပ်သိန်း ၅၀ (၂၀)ဆု၊ ငွေကျပ် ၂၅ သိန်း (၂၀)ဆု၊ ငွေကျပ် ၁၀ သိန်း (၂၇)ဆု၊ ငွေကျပ် ၅ သိန်း (၃၃)ဆု၊ ဝေဝေဆာဆာဆုမဲစနစ်များမှ အက္ခရာနှင့်ရှေ့ဂဏန်း ၅ လုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် ၃ သိန်း (၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် ၂ သိန်း (၁၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ၁၁ ယူနစ်အတွက် ငွေကျပ်တစ်သိန်း (၁၁၀၀၀)ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ ၃ ယူနစ်အတွက်ငွေကျပ် ၅ သောင်း (၃၀၀၀၀) ဆု အပါအဝင် ဆုမဲပေါင်း ၄၂၂၃၉ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ငါးခူရကျေးရွာ၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ ခြောက်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီခွဲခန့်က သတင်းအရ ငါးခူရကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ ဖော်ဝီခန်း(ဘ)ဂျီးနားခန်း၊ ဖော်တိန်ခန်း (ဘ)ဂျီးနားခန်း၊ မာမတ်ရှား (ဘ)မာမတ်ယူရှား၊ ဟာဆောင်းရှာ (ဘ)ခင်မောင်ထွန်း၊ ဟူဆောင်းရှာ(ဘ) ခင်မောင်ထွန်းနှင့် မာမတ်ဆာဒက်(ဘ) ဒီမာမတ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူခြောက်ဦးအား ငါးခူရရဲစခန်းသို့ စနစ်တကျလွှဲပြောင်း အပ်နှံခဲ့ပြီး တပ်မတော်စစ်ကြောင်းမှ နယ်မြေဆက်လက် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ဖော်ဝီခန်း(ဘ)ဂျီးနားခန်း



ဖော်တိန်ခန်း (ဘ)ဂျီးနားခန်း



မာမတ်ရှား (ဘ)မာမတ်ယူရှား



ဟာဆောင်းရှာ (ဘ)ခင်မောင်ထွန်း



ဟူဆောင်းရှာ(ဘ)ခင်မောင်ထွန်း



မာမတ်ဆာဒက်(ဘ) ဒီမာမတ်




## မောင်တောမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် မောင်တောမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဖားဝပ်ချောင်းကျေးရွာ၊ ဥဒေါင်းကျေးရွာ၊ မောရဝတီကျေးရွာ၊ သရေကုန်းဘောင်ကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ကန်သာယာကျေးရွာ၊ ပြားသားကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူများမှ နေရပ်သို့ပြန်လည်နေထိုင်ရန် ဆန္ဒပြုသည့် တိုင်းရင်းသားပြည်သူများအား အောက်တိုဘာ ၁၉ ရက်မှစ၍ သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

နေရပ်ပြန်တိုင်းရင်းသားပြည်သူများအား အောင်မြေဗောဓိသာသနာ့ရိပ်သာ ကျောင်းတိုက်ဆရာတော် အရှင်မဏိသာရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အောင်မြေဗောဓိသာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ စုစုပေါင်း ၄၀၉ ဦး အနက် နေရပ်ပြန်ရန်ဆန္ဒပြုသည့် အိမ်ထောင်စု ၄၁ စု၊ လူဦးရေစုစုပေါင်း ၁၆၁ ဦးတို့ကို အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ အိမ်ထောင်စု ၄၃ စု၊ လူဦးရေစုစုပေါင်း ၁၃၆ ဦးတို့ကို အောက်တိုဘာ ၂၀ ရက်တွင်လည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူနိုင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




(ရည်ညွှန်း - http://www.apa.org/monitor/2012/04/spanking.aspx)

**အကြမ်းဖက်မှုရဲ့ ဇာတ်လိုက်ကျော်**

အခုတစ်လောသတင်းတွေ ဖတ်ရတာတစ်စက်မှ စိတ်ချမ်းသာစရာမကောင်းဘူး။ သတ်တာတွေ၊ သေတာတွေ၊ အပြင်းအထန် အနာတရဖြစ်တာတွေ နေရာပေါင်းစုံ၊ အခင်းအကျင်းပေါင်းစုံမှာ။ အဲဒီထဲမှာမှ ရင်နာစရာကောင်းလှတဲ့ ဖြစ်ရပ်တွေက အိမ်တွင်း၊ မိသားစုတွင်း၊ ကျောင်းစာသင်ခန်းအတွင်း၊ ကျောင်းပရဝဏ်တွင်းတွေမှာ ဖြစ်ပွားနေတာတွေပါပဲ။

"ဆုံးမတာ"ဆိုတဲ့ အကာအကွယ်ကိုယူပြီး ကိုယ်ထိလက်ရောက် ညှဉ်းပမ်းနှိပ်စက်မှုကိုလူမှန်းသိတဲ့အရွယ်ကနေ အသက် ၁၈ နှစ်ကျော်တဲ့အထိ ကြိမ်ဖန်များစွာခံစားခဲ့ရဖူးသူ၊ကိုယ့်ကိုတင်မက ကိုယ့်မိခင်ကိုပါ ကိုယ်ထိလက်ရောက် ရိုက်နှက် နှိပ်စက်ကလူပြုတာကိုအသက် ၁၈ နှစ်ကျော်၊ ၁၉ နှစ် နီးပါးအထိ အနီးကပ်မျက်ဝါးထင်ထင် မြင်ခဲ့ရသူ၊ ကြုံခဲ့ရသူတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ သည်အပြုအမူကိုအပြင်းအထန် ဆန့်ကျင်ပါတယ်။ တစ်ဖက်ကလည်းအဲဒီလို ခံစားခဲ့ရဖူးသူတစ်ယောက်အနေနဲ့ ထစ်ခနဲရှိ တုတ်ဆွဲဓားဆွဲလုပ်ချင်တဲ့ ကျွန်တော့်သွေးသားထဲကစရိုက်ဆိုးကိုလည်း စက်ဆုပ်စွာသတိထားမိနေရပြန်တယ်။

သည်အခါမှာခုတစ်လောဖတ်နေရတဲ့ စိတ်မချမ်းသာစရာသတင်းတွေထဲကအဓိကဇာတ်လိုက်ကျော်ကို မြင်လာမိသလိုပါပဲ။ တကယ်လို့သာ ကျွန်တော်တို့ရဲ့ မိဘ၊ ဆရာသမား၊ ဘိုးဘွားအဆက်ဆက်သာ ဆင်ခြင်တုံတရားရှိခဲ့ကြမယ်ဆိုရင် သည်လို ကြမ်းတမ်းတဲ့အမှုတွေ၊ အကြမ်းဖက်မှုတွေ ကျဲပါးနိုင်တယ်လို့ တစ်ထစ်ချ ယုံကြည်လာမိရပါတယ်။

**နိုင်ငံတကာမျက်နှာစာမှာ**

ရိုက်နှက်ဆုံးမတာ၊ ကိုယ်ထိလက်ရောက် အပြစ်ပေးတဲ့နည်းနဲ့ စည်းကမ်းထိန်းချုပ်တာတွေဟာ ကလေးတွေအတွက် အင်မတန်ကို ပြင်းထန်လှတဲ့ အန္တရာယ်ဖြစ်စေနိုင်ကြောင်း ပြဆိုနေတဲ့ သုတေသနတွေက ကမ္ဘာကြီးမှာတစ်နေ့တခြားပိုများလာပြီဖြစ်ပေမယ့် မိဘဆရာအများအပြားကတော့သည် စကားတွေကိုမကြားတတ်နိုင်ကြသေးပါဘူး။ ရိုက်နှက်တာ၊ တခြားတစ်နည်းနည်းနဲ့ ခန္ဓာကိုနာကျင်အောင် လုပ်တာတွေဟာ ကလေးတွေမှာ ရန်လိုစိတ်တွေတိုးပွားလာစေနိုင်တယ်။ လူ့ကန့်လန့် လူ့ခွစာလေးတွေ ဖြစ်လာစေနိုင်တယ်၊ ခန္ဓာကိုယ်မှာဒဏ်ရာအနာတရဖြစ်စေနိုင်တယ်။ စိတ်ကျန်းမာရေး ပြဿနာတွေလည်း ဖြစ်လာစေနိုင်တယ်လို့ လေ့လာချက် အများအပြားက ပြဆိုနှင့်ပြီးပါပြီ။

နိုင်ငံတကာမျက်နှာစာမှာတော့ ကာယအားသုံးပြီးစည်းကမ်းထိန်းသိမ်းခြင်းဟာ ကလေးသူငယ်တွေရဲ့ လူ့အခွင့်အရေးကိုချိုးဖောက်မှုအဖြစ် ရှုမြင်မှုတွေ တိုးပွားနေပါတယ်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီကကာယအားသုံးပြီးအပြစ်ပေးတာကို "တရားဝင်အောင်လုပ်ထားတဲ့ ကလေးသူငယ် အကြမ်းဖက်မှု"ရယ်လို့ အမည်နာမပေးထားတဲ့အပြင် "ဥပဒေပြဋ္ဌာန်းမှု၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ပညာပေးရေးနည်းလမ်းတွေ"နဲ့ အခင်းအကျင်း မှန်သမျှမှာ သည်လိုကာယအားသုံးပြီးအပြစ်ပေးတာကို အမြစ်ပြတ်အောင် ဆောင်ရွက်သင့်တယ်ဆိုတဲ့ ညွှန်ကြားချက်တစ်ရပ်ကို ၂၀၀၆ ခုနှစ်မှာထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကော်မတီကိုဖွဲ့စည်းတဲ့ နိုင်ငံတကာသဘောတူစာချုပ်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံက သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။လက်မှတ်မထိုးတာက အမေရိကန်ပြည်ထောင်စုနဲ့ ဆိုမာလီယာ နှစ်နိုင်ငံပဲရှိပါတယ်။

ကမ္ဘာတစ်လွှားမှာတော့ နိုင်ငံပေါင်း ၃၀ ကျော်မှာ မိသားစုတွင်း အပါအဝင် အခင်းအကျင်းမှန်သမျှမှာ ကာယအားသုံးပြီး အပြစ်ပေးတာကိုဥပဒေနဲ့ တရားဝင် တားမြစ်ထားပါတယ်။ "ကာယအားသုံးပြီးအပြစ်ပေးတဲ့နည်းနဲ့ ကလေးတွေကိုလိုက်နာလာအောင် လုပ်လို့မရဘူး။ အဲဒီမှာတင် မိဘတွေက ပိုပြီး ပြင်းပြင်းထန်ထန် နာကျင်အောင် လုပ်မှရမယ် မှတ်ကုန်တတ်တယ်။ အဲဒီမှာ အလွန်အန္တရာယ်များလာတော့တာပါပဲ"လို့ အော်စတင်မြို့ရှိတက္ကဆက်(စ်)တက္ကသိုလ်က ကာယအားသုံးပြီးအပြစ်ပေးမှု ဦးဆောင်သုတေသီဒေါက်တာ အလစ်ဇဘက်(သ်) ဂါးရှော့(ဖ်)က ဆိုပါတယ်။

**ရွှေပြည်ကြီးမှာ**

သူတို့တွေဆီမှာတော့ ကျောင်းတွေမှာလည်း ရိုက်နှက်ဆုံးမတယ်ဆိုတာ မရှိ၊ တော်တော်တန်တန် ငွေလောက်ရှိရုံနဲ့ အိမ်ဖော်လည်းထားနိုင်တဲ့ လူ့ဘောင်မျိုးမဟုတ်လေတော့ မိဘတွေလောက်နဲ့ပဲ ပြောထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ဆီကကျောင်းသားလေးတွေ၊ အိမ်ဖော်လေးတွေ ရုပ်ပျက်ဆင်းပျက် ခံထားရတဲ့ အဖြစ်တွေကို ကြည့်ရင်တော့ အဲဒီ သုတေသီရဲ့ စကားဟာ "သွေးထွက်အောင်" သာမက "အသားနီလန်အောင်၊ ကျိုးအောင်ပဲ့အောင်" မှန်လွန်းတာကိုစာဖတ်သူ လူကြီးမင်းလည်းသဘောတူနိုင်လိမ့်မယ် ထင်ပါတယ်။

ကျွန်တော်တို့ဆီမှာက ပညာရေးစနစ်ရဲ့ တန်ခိုးတော်ကြောင့် တက္ကသိုလ်တွေမှာတောင်မှ သုတေသနဆိုတာ ကောင်းကောင်းကန်းကန်းလုပ်ကြတော့တာမဟုတ်ဘူး။ တကယ်သာသုတေသနလုပ်မယ်ဆိုရင် အဲလို သူတစ်ပါးကို အနာတရဖြစ်အောင် ကိုယ်ထိလက်ရောက် ရိုက်နှက် နှိပ်စက်ကလူပြုတတ်သူတွေကိုယ်တိုင်ကလည်း တစ်ချိန်တုန်းကအဲသလို အနှိပ်စက်ခံဘဝကလာကြသူတွေက ၉၀ ရာခိုင်နှုန်းအထက်ဆိုတာ တွေ့ရနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ကလေးတွေအပေါ် အဲသလို နှိပ်စက်ကလူပြုခြင်းဟာ မျိုးဆက်ပေါင်းများစွာအထိ သံသရာမဆုံးဘူးဆိုတာကိုလည်း သုတေသနတွေက အခိုင်အမာတွေ့ရှိထားတာကိုအခြေခံပြီး အခုလိုရေးလိုက်တာပါ။

**လူနေမှုအဆင့်အတန်းနဲ့ စရိုက်အဆက်အစပ်**

ပြောရတာတော့ သိပ်မကောင်းဘူးဗျ။ သို့ပေမယ့် ကိုယ်တွေ့မျက်မြင်တွေ့ဖူး ကြုံဖူးတာကတော့ မိဘဘိုးဘွားအဆက်ဆက်ကတည်းက အဆင့်အတန်းရှိတဲ့ မိသားစုတွေမှာ အဲသလိုကြမ်းတမ်းတဲ့ စရိုက်တွေ မတွေ့ရဘူး။ ပြောတာဆိုတာ နူတ်အမူအရာလည်းညင်ညင်သာသာ၊ သိမ်သိမ်မွေ့မွေ့၊ သူတို့သဘောမကျလို့ ဆူရင်ပြောရင်တောင် ဆင်ဆင်ခြင်ခြင်၊ ချေချေငံငံနဲ့ ကြားဝံ့နာသာတဲ့ စကားလုံးတွေပဲ ကြားရတယ်။ ကိုယ်အမူအရာမှာလည်း ကြမ်းကြမ်းတမ်းတမ်းမရှိကြဘူး။ ဆွေကြီးမျိုးကြီးထဲကတစ်ယောက်ဆိုအခု ၆၀ ပြည့်တော့မယ် သူ့တစ်သက်မှာတစ်ခါမှ ခိုက်ရန်မဖြစ်ပွားဖူးဘူး။ သူ့ဇနီးကတောင် တစ်ခါတလေအပျော် ရန်ဖြစ်ကြည့်ချင်တာ ဖြစ်မရလို့ ဩချဖူးတဲ့အထိပါပဲ။

ကျွန်တော်ကအောက်တန်းစားလို့ ပြောရင် ရွဲ့တယ် ထင်ကြမယ်။ အမှန်တော့ အဲဒီအတိုင်းပဲခင်ဗျ။ ကျွန်တော့် အဖေဘက်ကအဘိုးကကိုလိုနီခေတ်က ပုလိပ်။ ပုလိပ်မှ အရာရှိမဟုတ်ဘူး။ အောက်ခြေကတစ်လ ၁၈ ကျပ်စားပုလိပ်။ နေတာကသရက်မြို့မှာ။ သရက်ရဲ့ တစ်ဖက်ကမ်းကအဲဒီအချိန်ကအာလံမြို့လို့ခေါ်တဲ့ အောင်လံမြို့ရှိတယ်။ တစ်ချိသားမှာအာလံဘက်ကမ်းကဖမ်းလာတဲ့ သူခိုးကို အဘိုးကလှေပေါ်တင် ရိုက်လာတာများ၊ သရက်ဘက်ကမ်းရောက်တော့ သေရှာပါရောလား။ အဲဒါနဲ့ ပုလိပ်ဘဝကစုတေခဲ့တာတဲ့။ အဲလိုဖအေကပေါက်ဖွားလာသူ ကျွန်တော့်အဖေကရော၊ အင်္ဂလိပ်-မြန်မာခုနစ်တန်းလောက်အထိသာကျောင်းနေခဲ့ရ၊ ဘဝကို ရုန်းကန်ခဲ့ရတော့ ခမျာမယ် စာဖတ်ဝါသနာလည်းအထုံမပါ။ ဘာဆိုဘာမှလည်းမသိလေတော့ကာ ရိုက်နှက်ခြင်းသာအောင်နိုင်ရာလို့ မှတ်နေတော့တာ သူကွယ်လွန်ချိန် အသက် ၅၀ ကျော် အထိပါပဲ။

အမေ့ဘက်ကတော့ ကြွယ်ပိုးကြွယ်ဝတွေပေမယ့် တကယ့်တကယ်တော သူဌေးတွေ။ အမေ့ အမေများဘက်ကတော့ သိမ်မွေ့ယဉ်ကျေးကြပါတယ်။ သို့ပေမယ့် အမေ့ကိုမွေးချိန်မှာအမေ့အမေ ကျွန်တော့်အဘွားကကောင်းကောင်းမမာတော့ အမေ့မှာအိမ်ကအလုပ်သမားတွေ လက်ပေါ် ကြီးခဲ့ရတာကလား။ အဲတော့လည်းအမေ့မှာသူ့ကိုထိန်းတဲ့ စာမတတ် ပေမတတ် မိလက္ခာလူတန်းစားရဲ့ ဝစီစရိုက်ကြီးကစွဲနေတော့တာပေ့ါ။ အမေဆဲတတ်သလောက်၊ အဆဲသန်သလောက် အမေ့တစ်ဦးတည်းသောအစ်ကိုအရင်း ကျွန်တော့် ဦးကြီးကဖြင့် ခွေးလို့တောင် ဆဲသံမျိုး ကျွန်တော့်တစ်သက် တစ်ခါမှ မကြားခဲ့ဖူးတာကိုလည်း အမှတ်ရမိပါတယ်။

**ငှက်ပျောပင်စိုက် မိလိုက်ဘပါ**

သည်နေရာမှာ ခြွင်းချက်တွေ ရှိပါလိမ့်မယ်။ တစ်ချိန်က ရန်ကုန်မြို့ရဲ့ လျှမ်းလျှမ်းတောက် ကျိုကျိုတက် မိသားစုကဆင်းသက်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆုံဖူးပါတယ်။ လူပုံအလယ်မှာသိပ်ယဉ်ကျေးသိမ်မွေ့ပေမယ့် တကယ်တမ်းမှာ သူ့ဝစီစရိုက်ကနည်းနည်းတော့ ကြမ်းတယ်လို့ သတိထားမိတယ်။ သူ့ပါးစပ်ကရင့်သီးတဲ့ စကားလုံးတော့ မကြားခဲ့ဖူးဘူးပေ့ါ။ သို့ပေမယ့် သူရုတ်တရက်လန့်သွားတဲ့တစ်ချိန်မှာသူ့နူတ်ကနေဘယ်လိုမှ မထင်မှတ်ထားတဲ့၊ အလွန်ရုန့်ရင်းတဲ့ ဝေါဟာရတစ်လုံးထွက်လာတာကို နားနဲ့ဆတ်ဆတ်ကြားခဲ့ရဖူးပါတယ်။ တကယ်တော့လည်းအံ့ဩစရာမဟုတ်ပါဘူး။ အံ့ဩစရာမဟုတ်ဆို သူတို့ကမိဘဘိုးဘွားအစဉ်အဆက် ကြွယ်ဝခဲ့ကြတာမဟုတ်ဘဲ ဒုတိယကမ္ဘာစစ်အပြီး ခေတ်ပျက်နေချိန်မှာ အကွက်ကောင်းမိကာတစ်ဟုန်ထိုးစီးပွားတက်လာတဲ့ မိသားစုကဆင်းသက်ခဲ့တာ ဖြစ်နေလို့ပါပဲ။

သူတို့လိုငွေကြေးမကြွယ်ဝပေမယ့် အဆင့်အတန်းရှိတဲ့ မိသားစုကဆင်းသက်တဲ့ ပုဂ္ဂိုလ်တစ်ဦးလည်းတွေ့ဖူးတယ်။ သူကကျ အလွန်စိတ်တိုတယ်၊ စိတ်မြန်တယ်။ ဒါပေမယ့် သူစိတ်တိုရင် လုံးလုံးအသံမထွက်တော့ဘူး။ ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ ငူငူကြီးထိုင်နေတာပဲ မြင်ဖူးပါတယ်။ ဒါနဲ့ သူစိတ်ကြည်နေခိုက် တစ်ချိန်မှာမေးမိတယ်။ သူ့အဖေစိတ်တိုရင် ဘာလုပ်သလဲလို့ မေးတော့ သူတို့အဖေပတ္တလားတီးနေပြီဆိုရင် တစ်အိမ်လုံးတုတ်တုတ်မှ မလှုပ်ရဲတော့ဘူးတဲ့။ အဲဒါ သူ့ အဖေစိတ်တိုတဲ့အခါ လုပ်တဲ့ လုပ်ရပ်ပါပဲဗျာ။ အဲတော့ သူ့သားကလည်းစိတ်တိုရင် အသံမထွက်တော့ဘူးပေ့ါ။

လူ့လောကမှာ နှစ်ပေါင်း ၆၀ နီးပါးနေလာခဲ့သလို အလုပ်ပေါင်းစုံလည်း လုပ်ခဲ့၊ လူပေါင်းစုံနဲ့လည်း ဆက်ဆံခဲ့ရဖူးသူ ကျွန်တော့်အတွက်ကျတော့ သုတေသနရယ်လို့ သတ်သတ်မှတ်မှတ် မလုပ်နိုင်တောင် ပတ်ဝန်းကျင်ကို တစေ့တစောင်းစေ့ငုတတ်တဲ့ စာရေးသူညာဉ်ကြောင့် မြင်ထားမိတာတွေ၊ သတိထားမိတာတွေ အများကြီးပါပဲ။ အဲဒါကနေကောက်ချက်ချမယ်ဆိုရင်လည်း သည်လိုကိုယ်ထိလက်ရောက် ရိုက်ပုတ်နှိပ်စက်တတ်တဲ့ အမူအကျင့်ဟာ မျိုးရိုးလိုက်တယ်လို့ ထင်ယောင်မှားလောက်အောင် မျိုးဆက်တစ်ဆက်ကနေ တစ်ဆက်၊ အဆက်ဆက် ကူးစက်လွယ်တယ်လို့ ပြောနိုင်ပါတယ်။

**အကြမ်းပတမ်းတွေ လျှော့ချချင်ရင်**

အရာတိုင်းမှာ ခြွင်းချက်ရှိစမြဲမို့ ခြွင်းချက်တွေနဲ့တော့ ကိုင်မပေါက်ကြေးပေ့ါဗျာ။ တခြားမပြောနဲ့၊ ကျွန်တော် အင်မတန် စိတ်တို၊ စိတ်မြန်သလောက် ထစ်ခနဲရှိ လက်ပါချင်တတ်ခဲ့တာမို့ အိမ်ထောင်ဦးခြောက်နှစ်တာအထိ ကျွန်တော့်အိမ်သူကို ကိုယ်ထိလက်ရောက်တွေ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းမှာ ကျွန်တော့်ဇနီးသည်ကို လက်ရွယ်လိုက်မိချိန်မှာကိုယ့်ကိုယ်ကိုယ် ကျွန်တော်သိပ်မုန်းတဲ့ အဖေအဖြစ် ပြန်မြင်မိသွားတဲ့နောက်ပိုင်းကစလို့ သူ့ကိုလက်ဖျားနဲ့တောင် မတို့တော့ပါဘူး။ ကျွန်တော့်သားသမီးတွေကိုလည်း မရိုက်မိတော့ပါဘူး။ အော်တာနဲ့ ဆဲတာတော့ ကျန်နေခဲ့ပါသေးတယ်။ ဒါလည်း ခုနောက်ပိုင်းဆို အလွန်သတိထားလာတတ်ခဲ့ပါပြီ။ ပြောချင်တာကမျိုးဆက်တစ်ဆက်ကနေတစ်ဆက်ကိုကူးလွယ်တာမှန်ပေမယ့် ကာယကံရှင်ကိုက နှစ်နှစ် ကာကာလိုလိုလားလား ပြုပြင်ချင်ရင်ပြင်လို့ရတဲ့ ခြွင်းချက်ကိုပါ။

နိုင်ငံတစ်နိုင်ငံမှာအကြမ်းဖက်မှုတွေ နည်းစေချင်ရင်တော့ အိမ်တွင်း၊ ကျောင်းတွင်း အကြမ်းဖက်မှုတွေကို နိုင်ငံတော်က ဥပဒေသတ်သတ်မှတ်မှတ် ပြဋ္ဌာန်းပြီး တားမြစ်မှရပါလိမ့်မယ်။ ကျွန်တော်တို့တွေ ဘယ်လောက်ရေးရေး၊ ဖတ်မိမယ့်သူအရေအတွက်က သိပ်များများစားစားမရှိနိုင်သလိုထိရောက်မှုကလည်းနည်းနိုင်ပါတယ်။ ဥပဒေတစ်ခုရှိလာပြီဆိုတာနဲ့ လူအများရဲ့ နားလည်သိရှိမှုကတိုးပွားလာမှာလည်းမလွဲပါဘူး။ အရပ်ဘက် အဖွဲ့အစည်းတွေလည်း အခုဆို အတော်များပြားနေပြီဖြစ်သလို အမျိုးသမီးတွေ၊ ကလေးငယ်တွေကို နှိပ်စက်မှုတွေ တားဆီးကာကွယ်နိုင်ဖို့ အင်တိုက်အားတိုက် ကြိုးပမ်းနေတဲ့ အဖွဲ့တွေလည်းတွေ့နေရပါပြီ။ (သူတို့တွေထဲမှာတော့ "အိမ်ဖော်ဆိုတာတော့ ကျွန်မလည်းတစ်ခါတလေ ရိုက်မိတာပါပဲ"ဆိုတဲ့သူတွေ မပါလောက်ဘူးထင်ပါရဲ့။)

တစ်ဖက်ကလည်းဥပဒေမပြဋ္ဌာန်းနိုင်သေးခင်စပ်ကြားမှာမှီခိုမှု လုံးဝကင်းရှင်းလွတ်လပ်တဲ့ လူပုဂ္ဂိုလ်တွေနဲ့ဖွဲ့စည်းထားတဲ့ စောင့်ကြည့်ကြပ်မတ်ရေး နိုင်ငံလုံးဆိုင်ရာအဖွဲ့တွေ၊ တိုင်တန်းမှုတွေကို ကြားနာပြီး သမာသမတ်နဲ့ လုပ်သင့်တာ လုပ်ကိုင်ဆောင်ရွက်ပေးမယ့် နိုင်ငံလုံးဆိုင်ရာအဖွဲ့တွေ ပေါ်ပေါက်လာမယ်ဆိုရင်တော့ နောင်လာမယ့် မျိုးဆက်မှာထစ်ခနဲရှိ တုတ်ဆွဲ၊ ဓားဆွဲလုပ်တတ်တဲ့ စရိုက်ကြမ်းတွေ လျော့ပါးသွားမှာ မလွဲတဲ့အကြောင်း မရဲတရဲ ပြောကြည့်လိုက်ရပြန်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားမယ်လို့ မျှော်လင့်နေမိပါတယ်ခင်ဗျား။

**နိုင်ငံတစ်နိုင်ငံမှာအကြမ်းဖက်မှုတွေ နည်းစေချင်ရင်တော့ အိမ်တွင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုတွေကို နိုင်ငံတော်ကဥပဒေသတ်သတ်မှတ်မှတ် ပြဋ္ဌာန်းပြီးတားမြစ်မှ ရပါလိမ့်မယ်။ ကျွန်တော်တို့တွေ ဘယ်လောက်ရေးရေး၊ ဖတ်မိမယ့်သူအရေအတွက်က သိပ်များများစားစားမရှိနိုင်သလို ထိရောက်မှုကလည်း နည်းနိုင်ပါတယ်။ ဥပဒေတစ်ခုရှိလာပြီဆိုတာနဲ့ လူအများရဲ့နားလည်သိရှိမှုက တိုးပွားလာမှာလည်းမလွဲပါဘူး။**



## အော်ဟစ်အားပေးတာ ရပ်တန့်ဖို့ ပရိသတ်ကို တောင်းဆိုလိုက်တဲ့ ဂျက်စတင်ဘီဘာ

ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျက်စတင်ဘီဘာက သူ့ရဲ့ပရိသတ်တွေအနေနဲ့ သူဖျော်ဖြေနေစဉ်အတွင်းမှာ ဆူညံအော်ဟစ်တာတွေမပြုကြဖို့ ပြီးခဲ့တဲ့ တနင်္လာနေ့က အင်္ဂလန်မှာကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာ ပရိသတ်ကိုတောင်းဆိုခဲ့တယ်လို့ အီးတီအွန်လိုင်းဒေါ့ကွန်းမှာဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီးဂျက်စတင်ဘီဘာက သူပရိသတ်တွေနဲ့ စကားပြောနေတဲ့ အချိန်အတွင်း သူ့အသံကို ဖုံးသွားအောင် စူးစူးဝါးဝါးအော်ဟစ်အားပေးတာတွေကြောင့် သူဘာပြောတယ်ဆိုတာကို ပရိသတ်တွေအနေနဲ့ ကောင်းကောင်းမကြားလိုက်မှာ စိုးရိမ်တဲ့အတွက် ဒီလိုတောင်းဆိုရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျက်စတင်ဘီဘာက "ပရိသတ်ကြီးအနေနဲ့ တေးဂီတဖျော်ဖြေပွဲတွေ လာရောက်အားပေးကြတဲ့အခါ အော်ဟစ်အားပေးတာ အရိုးစွဲနေပြီး အသွေးထဲ အသားထဲကကို အော်ဟစ်အားပေးချင်စိတ်တွေဖြစ်လာတယ်ဆိုတာ နားလည်ပါတယ်။ ကျွန်တော့်ကိုအားပေးမှုအတွက် ဝမ်းသာပါတယ်။ အသိအမှတ်လည်းပြုပါတယ်။ ကျွန်တော်သီချင်းတွေသီဆိုတဲ့အခါ နောက်ကနေလိုက်ဆိုပြီးအားပေးနိုင်ပါတယ်။ ခံစားနိုင်ပါတယ်။ ကျွန်တော်စကားပြောတဲ့အချိန်မှာတော့ တိတ်တဆိတ် နားထောင်ပေးစေချင်ပါတယ်။ တစ်ခါတလေ ကျွန်တော်ဘာပြောတယ်ဆိုတာ ပရိသတ်တွေ မကြားလိုက်ရဘူးလို့ ထင်လို့ပါ။ ဒါက စိတ်ပျက်စရာပါ။ ဒါကြောင့် ကျွန်တော်စကားပြောနေတဲ့အချိန်မှာတော့ ပရိသတ်တွေအနေနဲ့ ရင်ကွဲမတတ်အော်ဟစ်တာတွေကို ရပ်တန့်ပေးပါလို့ တောင်းဆိုလိုက်ရပါတယ်"လို့ ယင်းဖျော်ဖြေပွဲမှာ ပြောကြားခဲ့ပါတယ်။

တကယ့်ကို မြူးမြူးကြွကြွနဲ့ သီဆိုဖျော်ဖြေတတ်တဲ့ ဂျက်စတင်ဘီဘာအနေနဲ့ သူ့ရဲ့ ပရိသတ်ကို တိတ်ဆိတ်ပေးဖို့ ယခင်ပြုလုပ်ခဲ့တဲ့ ဂီတဖျော်ဖြေပွဲတွေမှာ မတောင်းဆိုခဲ့ဖူးပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ မေလအတွင်းမှာတော့ ပထမဦးဆုံးအကြိမ်အဖြစ် ဂျက်စတင်ဘီဘာ့က ပရိသတ်ကို တောင်းဆိုမှုတစ်ခု ပြုခဲ့ပါသေးတယ်။ ဒါကတော့ ဘီဘာချစ်သူတွေအနေနဲ့ သူနဲ့ဓာတ်ပုံတွဲရိုက်ဖို့ တောင်းဆိုခြင်းမပြုဖို့ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းခဲ့ပါတယ်။ ဒီလိုပိတ်ပစ်လိုက်ရတဲ့အကြောင်းကတော့ လူမှုကွန်ရက်မီဒီယာတွေဟာ သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိပါးတယ်လို့ခံစားရတာကြောင့် ဖြစ်တယ်လို့ ပေါ့ပ်ကြယ်ပွင့်က ရင်ဖွင့်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဂျက်စတင်က ဆိုဖီယာရစ်ချီနဲ့ ချစ်သူတွေဖြစ်နေကြချိန် ဖြစ်ပါတယ်။ လတ်တလောမှာ ဆိုဖီယာနဲ့ ဂျက်စတင်ရဲ့ဇာတ်လမ်းဟာ အဆုံးသတ်သွားခဲ့ပြီဖြစ်ပေမယ့် ဂျက်စတင်ကတော့ ယနေ့အချိန်အထိ လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာခြင်းမရှိသေးပါဘူး။

ဂျက်စတင်ဘီဘာက သူ့ရဲ့ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို လာမယ့် ၂၀၁၇ခုနှစ် မတ်လအထိ ကမ္ဘာတစ်ဝန်းမှာ ကျင်းပသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

**ခင်ခင်သက်**

# ဒုတိယမြောက်သီချင်းခွေအတွက် ပြင်ဆင်နေတဲ့ ဝိုင်းလေး

**၂၀၁၄ ခုနှစ် မယ်ကမ္ဘာပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုပြီး ပထမဆုံးသွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ ဝိုင်းလေးဟာ သူ့ရဲ့ဒုတိယမြောက် တေးသီချင်းခွေအတွက် ပြင်ဆင်လျက်ရှိပါတယ်။ သရုပ်ဆောင်နှင့်မော်ဒယ်အလုပ်ထက် ဂီတဘက်မှာအလုပ်တွေ ပိုပြီးလုပ်ဖြစ်နေတဲ့ ဝိုင်းလေးနဲ့ ဆက်သွယ်မေးမြန်းခဲ့မှုများကို ကြေးမုံပရိသတ်အတွက် ဖော်ပြလိုက်ရပါတယ် -**

**လတ်တလော အနုပညာလှုပ်ရှားမှု -**

ဝိုင်းလေး ဒုတိယမြောက်သီချင်းခွေအတွက်ပြင်ဆင်ဖြစ်ပါတယ်။ နယ်ရှိုးပွဲတွေ သီချင်းဆိုဖြစ်တယ်။ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံတွေလည်း ရိုက်ဖြစ်ပါတယ်။

**မော်ဒယ်အလုပ်ထက် ဂီတဘက်ကို ပိုလုပ်ဖြစ်တာတွေ့ရတယ်နော်-**

ဝိုင်းလေးက မတင်မိုးလွင် သင်တန်းကနေ မော်ဒယ်စလုပ်ဖြစ်တာပါ။မယ်ကမ္ဘာဝင်ပြိုင်ခဲ့တာလည်း ကျွန်မအတွက် အတွေ့အကြုံအများကြီးရခဲ့ပါတယ်။ ရှိုးလျှောက်တာက ဝါသနာ မပါဘူး။ အဲဒီတော့ဂီတမှာပဲ အချိန်ပေးနေရတဲ့အတွက် ပွဲတွေတိုက်ဆိုင်လာရင် ဝိုင်းလေးဂီတဘက်ကိုပဲ အချိန်ပေးဖြစ်တော့ မော်ဒယ်အလုပ်ကို မလုပ်ဖြစ်ဘူး ဖြစ်လာတယ်။ ပရိသတ်တွေနဲ့ အဆက်သွယ်မပြတ်အောင်တော့ မဂ္ဂဇင်း မျက်နှာဖုံးတွေတော့ ရိုက်ဖြစ်ပါတယ်။

**သရုပ်ဆောင်လုပ်ဖို့အစီအစဉ်ရောရှိလား-**

လောလောဆယ် သရုပ်ဆောင်ပိုင်းအတွက် ထွေထွေထူးထူးမရှိသေးဘူး။ အရင်ထွက်ထားတဲ့ ဝိုင်းလေးရဲ့ တစ်ကိုယ်တော်ခွေမှာ သရုပ်ဆောင်ထားပါတယ်။ ကိုယ်တိုင် ခံစားရေးဖွဲ့ထားတဲ့သီချင်းတွေမှာ ကိုယ့်ရဲ့အသံ၊ ကိုယ့်ရဲ့ ကိုယ်ဟန်အမူအရာနဲ့ သရုပ်ဆောင်ထားပါတယ်။ တေးဗီဒီယိုတွေမှာ သရုပ်ဆောင်တာနဲ့ ရုပ်ရှင်သရုပ်ဆောင်တာ မတူဘူး။ တေးဗီဒီယိုတွေမှာ သရုပ်ဆောင်တာက တချို့အခန်းတွေမှာ စကားပြောတာမပါဘူး။ ခံစားမှုနဲ့ပဲ သရုပ်ဆောင်ရတယ်။ ဝိုင်းလေးအတွက်တော့ ပိုပြီးလွယ်ကူတာပေ့ါ။

**ကိုယ်တိုင် သီချင်းရေးတဲ့အကြောင်းလည်း ပြောပါဦး-**

ကိုယ်တိုင်သီချင်းရေးတဲ့အခါ တစ်ခါတလေတော့ နေ့စဉ်သွားလာလှုပ်ရှားရင်း တစ်ခုခုကို ခံစားမိတဲ့အခါ အဲဒီခံစားမှုကို မှတ်စုရေးမှတ်ထားလိုက်တယ်။ ခံစားမှုတစ်ခုကို အကြောင်းအရာ ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စာသားတစ်ခုကို ရေးမှတ်ထားလိုက်တယ်။ ပတ်ဝန်းကျင်မှာ တွေ့တာမြင်တာ ဆိုင်းဘုတ်တွေထဲက စကားလုံးအထူးအဆန်းတွေ အားလုံးမှတ်ထားတယ်။ ရေးမှတ်ထားတဲ့ စကားလုံးတွေကနေ ခံစားမှုတွေ အလိုလို ဖြစ်လာတယ်။ အဲဒီလိုခံစားမှုဖြစ်လာတဲ့အခါ စန္ဒရားဖြစ်ဖြစ်၊ ဂီတာဖြစ်ဖြစ် ယူပြီး တေးသွားတစ်ခုတည်လိုက်တယ်။ ဝိုင်းလေးရဲ့ ပင်ကိုအရည်အချင်းလို့ပြောရမှာပေ့ါ။ အဲဒီနောက် မယ်လိုဒီရှာတယ်။ ရလာတဲ့မယ်လိုဒီမှာ စာသားထည့်တယ်။ တချို့အရာတွေကျတော့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်က ပရိသတ်တွေရဲ့ ခံစားမှုတွေ ဖတ်ဖြစ်တယ်။ အဲဒီခံစားမှုတွေကို ကိုယ်တိုင်ခံစားကြည့်တယ်။ အငှားခံစားတယ်။ အဲဒီကနေရလာတဲ့ ခံစားမှုကို သီချင်းပြန်ရေးဖြစ်ပါတယ်။

**နိုင်ငံကိုယ်စားပြုအလှမယ်တစ်ယောက်အတွက် ဘယ်အရာတွေက အရေးပါလဲ-**

နိုင်ငံကိုယ်စားပြု အလှမယ်တစ်ယောက်ဟာ အလှအပထက် စိတ်နေစိတ်ထားက ပိုပြီးအဓိကကျပါတယ်။ နောက်တစ်ချက်က သူများတွေအတွက် စံပြဖြစ်နေရမယ်။ စိတ်ဓာတ်ပိုင်းရော၊ စည်းကမ်းပိုင်းရော စနစ်တကျနဲ့ နေပုံထိုင်ပုံကအစ ကိုယ်ကစံပြဖြစ်နေမှသာ ကိုယ်ကနိုင်ငံရဲ့ စံပြအမျိုးသမီးတစ်ဦးဖြစ်နိုင်မှာပါ။ အဲဒီအတွက် အရည်အချင်းရှိဖို့လည်းလိုပါတယ်။ အဓိကကတော့ စိတ်ဓာတ်နဲ့ အရည်အချင်းပေ့ါ။

**သီချင်းခွေအပေါ် ပရိသတ်အားပေးမှုက -**

တစ်ကိုယ်တော်ခွေမှာကိုယ်တိုင်ရေးတဲ့သီချင်းကို ပရိသတ်တွေက အားပေးကြပါတယ်။ တခြားတေးရေးဆရာတွေရဲ့ သီချင်းတွေလည်း အားပေးကြတယ်။ အချစ်သီချင်း၊ အဆွေးသီချင်းတွေနဲ့လိုက်တယ်လို့ ပရိသတ်တွေဆီက ပြန်ကြားရတယ်။ စီဒီခွေထုတ်တုန်းက FM တွေမှာ ရောင်းအားအကောင်းဆုံးဝင်တယ်။ အခု ဒီဗွီဒီထွက်တော့ ရောင်းအားအကောင်းဆုံးတော့ မဖြစ်ပေမယ့် ထုတ်ထားတဲ့ ခွေအရေတွက်ထက် နောက်ထပ် ခွေ ၅၀၀ ထပ်ထုတ်ရတယ်။ ဒီလိုမျိုးအသိအမှတ်ပြုအားပေးတဲ့အတွက် ဒုတိယခွေကိုလည်း ကြိုးစားထားပါတယ်။ ဒီအခွေမှာ သီချင်းတော်တော်များကို ကိုယ်တိုင်သရုပ်ဆောင်ထားပါတယ်။ တခြားသရုပ်ဆောင်တွေလည်း ပါပါတယ်။

**နယ်မှာ ရှိုးပွဲတွေဆိုတဲ့အတွေ့အကြုံကိုလည်း ပြောပြပါဦး-**

ခွေထွက်ပြီး နယ်ရှိုးပွဲတွေ ဆက်တိုက်သွားရတယ်။ ခွေထွက်ပြီးကိုယ့်သီချင်းပဲဆိုရတော့ စင်ပေါ်မတက်ခင်မှာ ကိုယ့်သီချင်းတွေကို ပရိသတ်တွေ ရပ့်မလားစိုးရိမ်တယ်။ အဲဒီနေရာမှာ FM ရလား၊ MRTV- 4 ရလားလိုက်မေးပြီး အဲဒီကလွှင့်တဲ့သီချင်းတွေကိုပဲ အဓိကဆိုတယ်။ အခု နယ်တွေဆက်တိုက်သွားတော့ ခွေထဲက သီချင်းတွေဆိုတဲ့အခါ ပရိသတ်တွေရကြတာတွေ့ရတယ်။ ကိုယ့်ခွေထဲကသီချင်းတွေဆိုရင်း ပရိသတ်နဲ့ အပေးအယူမျှတဲ့အချိန်က ကျွန်မအတွက်တော့ အလွန်ကိုတန်ဖိုးရှိတယ်။ ကိုယ့်သီချင်းကို ရနေတော့ ပီတိဖြစ်တာပေ့ါ။ နောက်အခွေအတွက်လည်း ပိုအားရှိတာပေ့ါ။

**ရှေ့ဆက်မယ့် ရည်မှန်းချက်ကိုလည်း ပြောပြပါဦး-**

ဝိုင်းလေးကဂီတဘက်မှာ လှုပ်ရှားမှုတွေပိုများလာပါမယ်။ ဇာတ်ဝင်သီချင်းတွေ ရေးဖို့လည်း ရှိပါတယ်။ သီချင်းတွေ ရေးတဲ့ဘက်ရော၊ ဆိုတဲ့ဘက်ရော ပိုပြီးတော့ ကြိုးစားပါ့မယ်။ ပိုပြီးတော့ လေ့လာစရာတွေလည်း ရှိပါသေးတယ်။ အလှမယ်တစ်ယောက်အနေနဲ့ကတော့ နောက်ပြိုင်မယ့် မယ်ကမ္ဘာပြိုင်ပွဲအတွက် ကဏ္ဍတစ်ခုအနေနဲ့ လုပ်ဆောင်ပေးဖို့ရှိတယ်။

**ဖြည့်စွက်ပြောလိုတာကရော-**

အခုဆို ဝိုင်းလေးကိုလက်ခံပေးလာတဲ့ ပရိသတ်တွေပိုများလာပါပြီ။ အလှမယ်တစ်ယောက်အနေနဲ့လည်း အရည်အချင်းတွေရှိအောင် စံပြအနေနဲ့နေသွားမယ်။ ဂီတအလုပ်တွေအတွက်လည်း အမြဲပြင်ဆင်ကြိုးစားသွားမယ်။ သီချင်းအသစ်တွေ အမြဲဖန်တီးနေမှာပါ။

**မင်းလှသား**



## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၂၂ - ၁၀ - ၂၀၁၆ (စနေနေ့)

- ၆း၀၀ တောင်တန်းသာသနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ ပန်းပျိုးခင်း(အပိုင်း-၂)
- ၈း၅၀ "ရိုးရာဓလေ့အောက်က ကယန်းအမျိုးသမီးတွေအကြောင်း"
- ၉း၃၅ Business News
- ၁၀း၃၅ ကဗျာရိပ်မြုံ "မှန်နဲ့ ပူစီ"
- ၁၀း၄၅ "အသိပညာလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးဆီသို့"
- ၁၁း၁၅ "ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး" (ဂေါ်ရခါးသီးနှင့် ဂေါ်ရခါးရွက်)
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁း၀၅ မြို့မငြိမ်း (၁၀၅)နှစ်ပြည့် အထိမ်းအမှတ် မန္တလေးမြို့မအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း-၆)
- ၁း၄၅ အနုပညာသတင်းအစီအစဉ်
- ၂း၁၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်) "ခရီးဆက်သူ၊ အခွင့်အရေး"
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၅)
- ၄း၁၅ "မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး" (Video Clip)
- ၄း၃၅ NHK Programme လှိုင်းများကိုနားလည်ကြည့်ခြင်း "လေထဲကလှိုင်းများအသံ"
- ၅း၃၅ "ကွန်ပျူတာဇာထိုးပန်းထိုး"
- ၅း၄၅ "သွားရောက်လေ့လာစရာ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုများရှိတဲ့နေရာ" (မန္တလေး)
- ၆း၃၅ Tasty Trip
- ၇း၁၅ "သူ" (အပိုင်း-၃၀)(ဇာတ်သိမ်း) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
- ၈း၀၀ ပြည်တွင်းသတင်း ၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "အောင်မြင်မှုပန်းတိုင်ဆီ ချီတက်ပြည်သူ့အတွက်" (တန်(၅၀၀၀)မှသည် သွင်းကုန်အစားထိုးဆီသို့) (ဘိလပ်မြေ စက်ရုံ-ကျောက်ဆည်)
- ၉း၀၀ ပြည်တွင်းသတင်း
  - -၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်(ပဥ္စမနေ့)
  - -ဂီတတံခါးလေးဖွင့်ပါဦး
  - -"မေမေ့မေတ္တာအငြိမ့်"

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ Happy Time
- ၁၁း၁၀ English For Myanmar
- ၁၁း၀၇ မျိုးချစ်တပ်မတော်
- ၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
  - - ဒါမျိုးတော့လာမလုပ်နဲ့ ကျော်ရဲအောင်၊စိုးမြတ်သူဇာနှင့် သရုပ်ဆောင်များ
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ရေသူမရဲ့ခြေရာများ အပိုင်း(၆)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၆၃)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - မစ္စကိုရီးယား အပိုင်း(၁၇)
  - - VOAအင်္ဂလိပ်စာသင်ခန်းစာ
  - - လူ့ရွှင်တော်စတား
  - - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - အကြင်နာမျက်ဝန်း အပိုင်း(၁၄)

# ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဥရောပ ပြင်ပတွင် ကျင်းပနိုင် ဟု ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပြောကြား



၂၀၁၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပခဲ့သည့် မီလန်မြို့ရှိ ဆန်စီရိုကွင်းကြီး

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဥရောပပြင်ပတွင် ကျင်းပရန် ရှိနေသည်ဟု ယူအီးအက်ဖ်အေ ဥက္ကဋ္ဌသစ် ဆပ်ဖ်ရင်က ပြောကြားချက်ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ဆပ်ဖ်ရင်က ယူအီးအက်ဖ်အေသည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်များကို ဥရောပ ပြင်ပတွင်ကျင်းပရေး ကိစ္စရပ်များကို စတင်လုပ်ဆောင်နေပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် စတင်ယှဉ်ပြိုင်ရန် ရှိနေခြင်း ဖြစ်သည်။

ဆပ်ဖ်ရင်က“ ဥပမာအနေနဲ့ဆိုရရင် ပေါ်တူဂီကနေ အဇာဘိုင်ဂျန်ကို သွားပြီး ကြည့်ရမယ်ဆို ဒီအကွာအဝေးက ဥရောပကနေ အမေရိကားကို သွားရတဲ့ အကွာအဝေးနဲ့ အတူတူပါပဲ။ဒါက ဥရောပပြိုင်ပွဲအဖြစ်ပဲ ဆက်လက်ရှိနေမှာဖြစ်တာကြောင့် ဒီကိစ္စရပ်ကို စဉ်းစားကြည့်ကြစေလိုပါတယ်” ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆပ်ဖ်ရင်သည် ပြီးခဲ့သည့်စက်တင်ဘာလက မိုက်ကယ်ပလာတီနီ၏ နေရာကို ဆက်ခံသည့် ယူအီးအက်ဖ်အေ၏ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ ဥရောပပြင်ပကျင်းပရေးမှာ ယူအီးအက်ဖ်အေ၏ စိတ်ကူးစိတ်သန်းတစ်ခုသာဖြစ်ပြီး အကြိုချပြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသို့ ကျင်းပရန် စီစဉ်ခြင်းသည် ဘဏ္ဍာရေးနှင့် နိုင်ငံရေး ရှုထောင့်အတွက် ပြင်ဆင်ခြင်းမဟုတ်ဘဲ ပထဝီအနေအထားအရ ရင်းနှီးမှုရရှိရေး စိတ်ကူးသစ်တစ်ခုသာ ဖြစ်ကြောင်း၊ ချန်ပီယံလိဂ် ပြိုင်ပွဲ ၆၁ကြိမ်ကို ဥရောပတိုက်အတွင်း ယှဉ်ပြိုင်ခဲ့ပြီးဖြစ်၍ လာမည့်အကြိမ်ကို အမေရိကန်ပြည်ထောင်စုတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဆိုလျှင်လည်း ကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် ပြဿနာတစ်ရပ်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ၂၀၁၀ခုနှစ်မှစတင်၍ စနေနေ့တွင်သာ ကျင်းပလာခဲ့သည့်မှာ ခြောက်နှစ်ရှိပြီဖြစ်၍ ရက်သတ္တပတ်အလယ်ရက်များ (ဗုဒ္ဓဟူး၊ ကြာသပတေးနေ့) တွင် ကျင်းပရန် စီစဉ်သွားမည်ဖြစ်သော်လည်း ကစားချိန်ကိုမူ ပြင်ဆင်မည်မဟုတ်ကြောင်းလည်း ဆက်လက်ပြောကြားလိုက်သည်။

ယူအီးအက်ဖ်အေသည် လာမည့် ၂၀၁၈-၁၉ ဘောလုံးရာသီမှစတင်ကာ ဥရောပထိပ်တန်းလိဂ်လေးခု (လာလီဂါ၊ ဘွန်ဒက်စ်လီဂါ၊ ပရီမီယာလိဂ်၊ စီးရီးအေ) ရှိ ထိပ်ဆုံးလေးနေရာ ရရှိသော အသင်းများအနေဖြင့် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိရေးကို အတည်ပြုခဲ့ရာ အခြားလိဂ်များမှာ တာဝန်ရှိသူများ မကျေမနပ်ဖြစ်ခဲ့ကြသည့်အတွက် ယခုကိစ္စရပ်ကို အတည်ပြုပါကလည်း ကန့်ကွက်မှုများ ရှိလာနိုင်သေးကြောင်း သိရသည်။

**ရှိုင်ယန်ဟေဒင်**

## အောက်တိုဘာ ၂၂/၂၃ ရက် ယှဉ်ပြိုင်ကစားမည့် ပြိုင်ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၉** | |
| ဘုန်းမောက် - စပါး | ညနေ-၆း၀၀ |
| အာဆင်နယ် - မစ်ဒယ်ဘရော့ | ည-၈း၃၀ |
| ဘန်လေ - အဲဗာတန် | ည-၈း၃၀ |
| ဟားလ်စီးတီး - စတုတ် | ည-၈း၃၀ |
| လက်စတာ - ခရစ္စတယ်ပဲလေ့စ် | ည-၈း၃၀ |
| ဆွမ်ဆီး - ဝက်ဖို့ဒ် | ည-၈း၃၀ |
| ဝက်စ်ဟမ်း - ဆန်းဒါးလန်း | ည-၈း၃၀ |
| လီဗာပူး - ဝက်စ်ဘရွန်း | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် - ၉** | |
| အက်စ်ပန်ညို - အီဘား | ညနေ-၅း၃၀ |
| ဗလင်စီယာ - ဘာစီလိုနာ | ည-၈း၄၅ |
| ဆိုစီဒက် - အလာဗက်စ် | ည-၁၁း၀၀ |
| ဂရန်နာဒါ - စပို့တင်းဂီဂျွန် | နံနက်-၁း၁၅ |
| **စီးရီးအေ ပွဲစဉ် - ၉** | |
| ဆမ်ဒိုးရီးယား - ဂျီနိုအာ | ည-၁၀း၃၀ |
| အေစီမီလန် - ဂျူဗင်တပ် | နံနက်-၁း၁၅ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈** | |
| လေဗာကူဆင် - ဟော့ဖန်ဟိမ်း | ည-၈း၀၀ |
| ဟာသာဘာလင် - ကိုလုံး | ည-၈း၀၀ |
| အင်ဂေါ့စတက် - ဒေါ့မွန် | ည-၈း၀၀ |
| ဒမ်စတက် - ဝုဖ်ဘတ် | ည-၈း၀၀ |
| ဖရိုင်းဘတ် - အော့စ်ဘတ် | ည-၈း၀၀ |
| ဘိုင်ယန်မြူးနစ် - မိုချင်ဂလာဘတ် | ည-၁၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၁၀** | |
| လီယွန် - ဂူအင်ဂမ့် | ည-၉း၃၀ |
| ဘော်ဒိုး - နန်စီ | နံနက်-၀၀း၃၀ |
| လိုင်လီ - ဘက်စ်တီယာ | နံနက်-၀၀း၃၀ |
| ဒီဂျွန် - လိုရီယန့် | နံနက်-၀၀း၃၀ |
| အန်ဂါးစ် - တူးလော့စ် | နံနက်-၀၀း၃၀ |
| နန့်တက်စ် - ရင်းနက်စ် | နံနက်-၀၀း၃၀ |

**မောင်မောင်ဇော်**

## ပင်နယ်တီကန်ခွင့်ကို ရွန်းနီထံမှ ခွင့်တောင်းခဲ့သည့် ပေါ့ဘာ

မန်ယူနှင့် ဖီနာဘာချီအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ယူရိုပါလိဂ် ပွဲစဉ်တွင် မန်ယူအသင်း ရရှိသော အဖွင့်ပင်နယ်တီ ပြစ်ဒဏ်ကို အသင်းခေါင်းဆောင်ရွန်းနီထံမှ ခွင့်တောင်း၍ ကန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ့ဘာက ပွဲအပြီးတွင် ပြောကြားလိုက်သည်။ ဝိန်းရွန်းနီ ဝင်ရောက်ကစားသည့် ပွဲစဉ်များတွင် မန်ယူအသင်း ပင်နယ်တီကန်ခွင့်ရရှိလျှင် ရွန်းနီမှာ အသင်း၏ ပင်နယ်တီကန်သွင်းသူအဖြစ် တာဝန်ယူလေ့ရှိသော်လည်း ယခုပွဲစဉ်တွင် ပေါ့ဘာ၏ ဆန္ဒအရ ပေါ့ဘာကို အခွင့်အရေးပေးခဲ့ခြင်းဖြစ်သည်။

ပေါ့ဘာက “ဝိန်းကို ဒီပင်နယ်တီကို ကျွန်တော်ကန်ချင်တယ်။ ကျွန်တော့်ကို ကန်ခွင့်ပြုပါလို့ တောင်းဆိုခဲ့တာပါ။ သူလို ကစားသမားက ကျွန်တော့်ကို လေးစားမှုနဲ့ ခွင့်ပြုပေးခဲ့လို့ ပိုပြီး ကျေနပ်ပျော်ရွှင်ရပါတယ်”ဟု ပြောကြားခဲ့သည်။

ပေါ့ဘာက သူ့အား ယခုကဲ့သို့ အခွင့်အရေးပေးခဲ့သူ ရွန်းနီအား ချီးကျူးခဲ့သလို ကျန်အသင်းဖော်များ၏ အနိုင်ရလိုစိတ် ပြင်းထန်မှုအတွက်လည်း ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။ ရွန်းနီသည် မန်ယူအသင်း ဒုတိယအကြိမ်ရရှိသော ပင်နယ်တီကိုလည်း တိုက်စစ်မှူး မာရှယ်လ်ကိုသာ ကန်ခွင့်ပေးခဲ့သည်။

**မေလှဲ့သင်း**

## ရွှေဖိနပ်ဆုရှင် ဆွာရက်ဇ်ကို ငြိမ်းချမ်းရေးစကားဆိုလိုက်တဲ့ အီဗရာ



ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်ဟာ ဥရောပ ရွှေဖိနပ်ဆုကို အောက်တိုဘာ ၂၀ ရက်က လက်ခံရရှိခဲ့ပြီးနောက် ဆွာရက်ဇ်နဲ့ မသင့်မြတ်သူ လို့ တစ်ချိန်က သတင်းကြီးခဲ့တဲ့ မန်ယူနောက်ခံလူဟောင်း အီဗရာက ဆွာရက်ဇ်ရဲ့ပုံနဲ့တကွ ဆုရရှိခြင်းအတွက် ဂုဏ်ပြုကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ ရေးသားခဲ့တာကြောင့် ဒါဟာ ဆွာရက်ဇ်နဲ့ အဆင်ပြေမှုလိုချင်တဲ့ အီဗရာရဲ့ ခြေလှမ်းဖြစ်တယ်လို့ ဂိုးလ်ဒေါ့ကွန်းက ရေးသားခဲ့ပါတယ်။

အီဗရာက “ ကျွန်တော့်ရဲ့အင်စတာဂရမ်ပေါ်ကနေ ပြောချင်တာကတော့ ဆွာရက်ဇ်အပေါ် အမုန်းတရားမရှိဘဲ ချစ်ခြင်းမေတ္တာပဲရှိပါတယ်။ လူးဝစ်ဟာ ကြီးကျယ်ခမ်းနားတဲ့ ကစားသမားဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးပါ” လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ ရေးသားခဲ့တာဖြစ်ပါတယ်။

ဆွာရက်ဇ် လီဗာပူးမှာရှိစဉ် မန်ယူနောက်ခံလူ အီဗရာနဲ့ အက်ဖ်အေဖလားပြိုင်ပွဲအတွင်း ပြဿနာဖြစ်ပွားခဲ့ရာမှာ ဆွာရက်ဇ်က အီဗရာအပေါ် လူမျိုးရေးခွဲခြားခဲ့တာကြောင့် အက်ဖ်အေ(အင်္ဂလန်ဘောလုံး အဖွဲ့ချုပ်)က ဆွာရက်ဇ်ကို ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ဆွာရက်ဇ်နဲ့ အီဗရာတို့ ဆက်ဆံရေး ပြေလည်မှု လုံးဝမရှိတော့ဘဲ လီဗာပူးနဲ့ မန်ယူဆုံရင် မီဒီယာတွေက သူတို့နှစ်ဦးအပေါ်သာ မျက်စိဒေါက်ထောက် လိုက်ကြည့်နေတာပါ။ ဒါကြောင့် ဆွာရက်ဇ်အခုလို ဆုရရှိတဲ့အပေါ် အီဗရာ ဂုဏ်ပြုစကားပြောကြားပေးခဲ့တာက အားကစားမီဒီယာတွေအတွက် သတင်းဆန်းဖြစ်နေတာဖြစ်ပါတယ်။

အခုရရှိတဲ့ ဆုဟာ ဆွာရက်ဇ်အတွက် ဒုတိယအကြိမ်ရရှိတဲ့ ရွှေဖိနပ်ဆုဖြစ်ပြီး ဒီဆုကို ရရှိခဲ့တဲ့အတွက် ပရိသတ်တွေ၊ ဘာစီလိုနာတာဝန်ရှိသူတွေနဲ့ အသင်းဖော်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ဆွာရက်ဇ်က ပြောပါတယ်။ ဆွာရက်ဇ်က ပြီးခဲ့တဲ့ ဘောလုံးရာသီ လာလီဂါပွဲစဉ် ၃၅ ပွဲမှာ လာလီဂါ သွင်းဂိုး ၄၀ အပါအဝင် စုစုပေါင်း ၅၂ပွဲ ဝင်ရောက်ကစားရာမှာ သွင်းဂိုး ၅၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အတွက် ၂၀၁၅-၁၆ဘောလုံးရာသီအတွက် ဥရောပရွှေဖိနပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၁၃-၁၄ ဘောလုံးရာသီကလည်း လီဗာပူးအသင်းနဲ့အတူ ရွှေဖိနပ်ဆု တစ်ကြိမ် ရရှိခဲ့ပါသေးတယ်။

**မေလှဲ့သင်း**

## မြန်မာမသန်စွမ်းကလေးငယ်များအား ဂျပန်နာမည်ကြီး ဘောလုံးအသင်းအဖွဲ့ အယ်လ်ဘီရက်ဇ် ဘောလုံးလေ့ကျင့်သင်ကြားပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံမှ နာမည်ကြီးဘောလုံး အသင်းအဖွဲ့ အယ်လ်ဘီရက်ဇ်မှ ဘောလုံးလေ့ကျင့်ရေးမှူးများသည် မြန်မာနိုင်ငံရှိ မသန်စွမ်းနားမကြားကလေးများ၊ လူမှုဝန်ထမ်းဌာနလက်အောက်ခံမိဘမဲ့ကလေးများကျောင်းရှိ ကျန်းမာသန်စွမ်းသည့် ကလေးငယ်များအား ဘောလုံးကစားနည်း လေ့ကျင့်ပေးမည်ဖြစ်သည်။ လေ့ကျင့်သင်ကြားပေးမည့် (CSR) အစီအစဉ်နှင့်ပတ်သက်၍ ဂျပန်ဘောလုံးအသင်း အယ်လ်ဘီရက်ဇ်နှင့် မြန်မာ ဘရူဝါရီကုမ္ပဏီတို့ နှစ်ဦးနှစ်ဖက် အမေရိကန်ဒေါ်လာ ၂၂၀၀၀ (MoU)စာချုပ်ချုပ်ဆိုခြင်း စာနယ်ဇင်းမိတ်ဆက် အသိပေးခြင်းအခမ်းအနားကို တာမွေမြို့နယ် Sky Star Hotel တွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မသန်စွမ်းကလေးများ ကျန်းမာသန်စွမ်း ဉာဏ်ရည်ထက်မြက်ကာ အားကစားကဏ္ဍတွင် ထူးချွန်ပျော်ရွှင်စေရန်ရည်ရွယ်ပြီး ဘောလုံးကစားနည်း တစ်နှစ်သင်ကြားပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ မြန်မာဘရူဝါရီကုမ္ပဏီမှ တာဝန်ရှိသူ မစ္စတာ တက်ဆာတို (DYMD)၊ မစ္စတာကော်ရန်နေ့ရှ် (အမှုဆောင်အရာရှိချုပ်)နှင့် မိဘမဲ့ကလေးကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းတို့က အသီးသီးရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာဘရူဝါရီကုမ္ပဏီ၊ ဂျပန် ဘောလုံးအသင်း အယ်လ်ဘီးရက်ဇ် တာဝန်ရှိသူတို့က ဘောလုံးသင်ကြားပေးမှု သဘောတူ (MoU) စာချုပ်အား လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်စာချုပ်လဲလှယ်ခဲ့ကြသည်။

**(သန်းဦးလှိုင်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) ချေးငွေသဘောတူစာချုပ် အပါအဝင် ပဋိညာဉ်စာချုပ်အရ ပေးချေရမည့်ငွေများ၊

(င) ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုဖြေရှင်းခြင်းမှ ထွက်ပေါ်လာသည့် ပေးချေငွေများ၊

(စ) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပစ္စည်းသိမ်းယူခြင်းတို့မှ လျော်ကြေးအဖြစ်ရရှိသည့် ငွေကြေးများ၊ အခြားလျော်ကြေးငွေများ၊

(ဆ) နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ခန့်အပ်ထားသည့် နိုင်ငံခြားသား ကျွမ်းကျင်သူ ဝန်ထမ်းများ၏ လုပ်ခလစာနှင့် ဝင်ငွေ။

၅၇။ ချေးငွေလွှဲပြောင်းခြင်း သို့မဟုတ် ချေးငွေရယူခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်စည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်း သို့မဟုတ် ရယူရမည်။

၅၈။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်လျက်ရှိသည့် အောက်ပါကိစ္စရပ်များတွင် နိုင်ငံတော်အတွင်းမှ ပြည်ပသို့ လွတ်လပ်စွာဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လွှဲပြောင်းနိုင်သည်-

(က) ခိုင်ကြေးများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီ ထောက်ပံ့မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများနှင့် မည်သည့်ပြင်ပအဖွဲ့အစည်းကိုမဆို ပေးရန်ရှိသည့် အတိုးငွေများ၊

(ခ) ချေးငွေသဘောတူစာချုပ်အပါအဝင် ပဋိညာဉ်စာချုပ်အရ ပေးချေရမည့်ငွေများနှင့် အာမခံလျော်ကြေးငွေများ၊

(ဂ) စီရင်ချက်အမိန့်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူမှ ပေးရန်ရှိသည့် သဘောတူညီချက်အပါအဝင် အငြင်းပွားမှု ဖြေရှင်းခြင်းမှ ထွက်ပေါ်လာသည့် ပေးချေငွေများ။

၅၉။ ဘဏ္ဍာငွေလွှဲပြောင်းမှုများ အားလုံးသည် လွှဲပြောင်းမည့် ပမာဏအပေါ်မူတည်၍ သတ်မှတ်ထားသည့် အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်ထမ်းဆောင်ပြီးမှသာ လွှဲပြောင်းရမည်။

၆၀။ တရားဝင်ခွင့်ပြုမိန့်ဖြင့် အလုပ်လုပ်ကိုင်သော နိုင်ငံခြားသား ကျွမ်းကျင်သူ ဝန်ထမ်းများသည် ဝင်ငွေခွန်ဥပဒေအရ ပြဋ္ဌာန်းထားသည့် အခွန်ထမ်းဆောင်မှုဆိုင်ရာ ဝတ္တရားများအရ လွှဲပြောင်းမည့် ငွေကြေးပမာဏအပေါ်မူတည်၍ အခွန်အခများ ပေးဆောင်ပြီးသောငွေကို မည်သည့်နုတ်ယူခြင်းမျှမရှိဘဲ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် ငွေလွှဲနိုင်သည်။

၆၁။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၅၆ တွင် ဖော်ပြထားသည့် ဘဏ္ဍာငွေများ လွှဲပြောင်းခြင်းပြုလုပ်ရာတွင် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၏ ငွေလုံးငွေရင်းစာရင်း သို့မဟုတ် သာမန်စာရင်းတွင် အကျုံးဝင်သည့်ငွေများကို နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ လွတ်လပ်စွာ သုံးစွဲနိုင်သည့် ငွေကြေးဖြင့် လွှဲပြောင်းနိုင်သည်။

၆၂။ အစိုးရအဖွဲ့သည် အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့်ဆက်စပ်သော နိုင်ငံခြားငွေလွှဲပြောင်းမှုကို ဟန့်တားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုနိုင်သည်-

(က) လူမွဲစာရင်းခံခြင်း သို့မဟုတ် မြီရှင်များ၏ အခွင့်အရေးများကို ကာကွယ်ရန် လိုအပ်သည့် အခြေအနေ၊

(ခ) ပြစ်မှု သို့မဟုတ် ပြစ်မှုမကင်းသည့် နည်းလမ်းဖြင့်ရရှိသည့် ငွေများအား တရားဝင်ငွေအဖြစ် လွှဲပြောင်းသည့် အခြေအနေ၊

(ဂ ) ငွေကြေးဆိုင်ရာ အစီရင်ခံခြင်း သို့မဟုတ် လွှဲပြောင်းမှုဆိုင်ရာ မှတ်တမ်းများအား ဥပဒေကြောင်းအရ အတည်ပြုရန် သို့မဟုတ် ငွေကြေးအာဏာပိုင် အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန် လိုအပ်သည့်အခြေအနေ၊

(ဃ) တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် အမိန့်များ သို့မဟုတ် စီရင်ချက်များနှင့်အညီဆောင်ရွက်ရမည့် အခြေအနေ၊

(င) အခွန်ကိစ္စရပ်များ၊

(စ) လူမှုဖူလုံရေး ဝန်ထမ်းများ၏ အငြိမ်းစားယူမှု သို့မဟုတ် မဖြစ်မနေ ငွေစုဆောင်းရေး အစီအစဉ်များ၊

(ဆ) အလုပ်သမားများ၏ရပိုင်ခွင့်များ နစ်နာဆုံးရှုံးရသည့်အခြေအနေ။

၆၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း၌ ရင်းနှီးမြှုပ်နှံသူနှင့် ယင်း၏ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုရန်လိုအပ်သည့် မတည်ငွေရင်း သို့မဟုတ် အသုံးစရိတ်များနှင့် နိုင်ငံခြားချေးငွေများကို တည်ဆဲဥပဒေနှင့်အညီ ပြည်ပမှ ငွေလွှဲပြောင်းရယူခွင့်ပြုသည်။

၆၄။ ပြည်ပငွေပေးငွေယူခြင်းဆိုင်ရာ သို့မဟုတ် ပြည်ပငွေကြေး အခက်အခဲများ ဆိုးရွားစွာ ဖြစ်ပေါ်နေသည့် အခြေအနေတွင် အစိုးရအဖွဲ့သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏ အခြားနိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် ငွေပေးချေမှု သို့မဟုတ် လွှဲပြောင်းပေးမှုဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်နိုင်သည် သို့မဟုတ် ထိန်းသိမ်းနိုင်သည်။

## အခန်း(၁၆)
## ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ

၆၅။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကို လေးစားလိုက်နာရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန်အတွက် ကုမ္ပဏီ သို့မဟုတ် တစ်ဦးတည်းပိုင် သို့မဟုတ် တရားဝင်စီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် အဆိုပါတရားဝင်စီးပွားရေး အဖွဲ့အစည်း၏ ရုံးခွဲများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် အခွန်ဆိုင်ရာ တာဝန်ရှိမှု အပါအဝင် ၎င်းတို့အား ထုတ်ပေးထားသော အထူးပြုလိုင်စင်၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များတွင် ပါဝင်သည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(င) မိမိငှားရမ်းခွင့်ရရှိထားသော သို့မဟုတ် အသုံးပြုခွင့်ရရှိထားသော မြေ၏ မြေပေါ်မြေအောက်တွင် ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်မှုမရှိသော၊ မူလသဘောတူစာချုပ်တွင် မပါဝင်သော သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက် အစရှိသည်တို့ကို တွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်း သတင်းပေးအကြောင်းကြားရမည်။ ကော်မရှင်ကခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ပြီး ခွင့်မပြုလျှင် ရင်းနှီးမြှုပ်နှံသူက ရွေးချယ်တင်ပြသည့် နေရာတစ်ခုအား အစားထိုးခွင့်ပြုချက်ရယူ၍ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

(စ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

(ဆ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်။

(ဇ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများ၊ နှစ်ပတ်လည် ငွေစာရင်းများနှင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်တွင်းအသိအမှတ်ပြုစာရင်းကိုင်စံနှုန်းများနှင့်အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင် ထားရှိရမည်။

(ဈ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပြီး ပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်ဆိုင်းခြင်း၊ လုပ်သားအင်အားလျှော့ချခြင်းတို့အတွက် အလုပ်သမားများအား တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်းရမည်။

(ည) ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းရပါက ပိတ်သိမ်းထားရသည့်ကာလအတွင်း အလုပ်သမားများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ စသည်တို့နှင့်အညီ လုပ်ခ၊ လစာပေးရမည်။

(ဋ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာ အလုပ်သမား သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူအား တည်ဆဲဥပဒေနှင့်အညီ ရထိုက်သည့် နစ်နာကြေးနှင့် လျော်ကြေးကို ပေးရမည်။

(ဌ) မိမိ၏ရင်းနှီးမြှုပ်နှံမှုတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရန် ကြပ်မတ်ရမည်။

(ဍ) အလုပ်သမားရေးရာ ဥပဒေများကို လေးစားလိုက်နာရမည်။

(ဎ) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်။

(ဏ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများ ခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ခြင်းစသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ရမည်။

(တ) ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန် ကြိုတင်အကြောင်းကြားလာပါက မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုပေးရမည်။

(ထ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်းစစ်ခြင်းများ မလုပ်ဆောင်မီကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံး လိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များဆောင်ရွက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

၆၆။ ကော်မရှင်သည် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ထ) ပါ ဆန်းစစ်ချက်အပေါ်မူတည်၍ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား ဆက်လက်ဆောင်ရွက်စေခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းအပါအဝင် လိုအပ်သည်များ စီမံဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၆၇။ ရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် တာဝန်ရှိမှု အားလုံးကို ဤဥပဒေအာဏာသက်ဝင်သည့်နေ့မှစ၍ လိုက်နာဆောင်ရွက်ရမည်။

၆၈။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုကာလမကုန်ဆုံးမီ ရင်းနှီးမြှုပ်နှံမှုရပ်စဲပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်မျိုးစလုံးတို့ဖြင့် ပြည်ပမှတင်သွင်းခဲ့သော စက်ယန္တရားများ၊ ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် ပြည်ပမှ တင်သွင်းခဲ့သည့် ပစ္စည်းများအားလုံးရောင်းချခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ရာတွင် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ တင်သွင်းစဉ်က ခံစားခဲ့သော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်မျိုးစလုံးကို ပြန်လည်ပေးဆောင်ပြီးမှသာ ဆောင်ရွက်ရမည်။

၆၉။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းများနှင့် လိုအပ်သည့် ပဋိညာဉ်စာချုပ်များအား ချုပ်ဆိုခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ပုဒ်မ ၆၉ တွင် ဖော်ပြထားသည့် ပဋိညာဉ်စာချုပ်များ သက်တမ်းတိုးမြှင့်ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ကော်မရှင်၏ ခွင့်ပြုချက်ရယူရမည်။

၇၁။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုဆန်းစစ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်တို့ကို ဆောင်ရွက်ရမည်။

၇၂။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသော ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်း ကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်သို့ အသိပေးတင်ပြရမည်။

## အခန်း(၁၇)
## အာမခံထားရှိခြင်း

၇၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

## အခန်း(၁၈)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၇၄။ ကော်မရှင်သည် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်စေခြင်းအားဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး အတွက်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ခံစားခွင့်ပြုရန် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် စိစစ်၍ ခွင့်ပြုပေးနိုင်သည်။

၇၅။ (က) ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများအား ဇုန် (၁) အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှု အသင့်အတင့်ရှိသောဒေသများအား ဇုန် (၂) အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးမှုရှိသော ဒေသများအား ဇုန် (၃) အဖြစ်လည်းကောင်း၊ အစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ဇုန် (၁) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိလည်းကောင်း၊ ဇုန် (၂) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိလည်းကောင်း၊ ဇုန် (၃) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ၃ နှစ်အထိလည်းကောင်း ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်သည် ဇုန်သတ်မှတ်ခြင်းကို သက်ဆိုင်ရာ ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ အခါအားလျော်စွာ လိုအပ်သလို ပြောင်းလဲသတ်မှတ်နိုင်သည်။

(ဂ) ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရန် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့် ကဏ္ဍများအတွက်သာ ခွင့်ပြုရမည်။

၇၆။ အခန်း (၁၁) ပါ ရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်း ပြဋ္ဌာန်းချက်များအပြင် အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့် နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မဟာမုနိရုပ်ရှင်တော်မြတ်အတွက် နံ့သာသွေးအလှူကို ဘုရားဖူးများအထွတ်အမြတ်ထား လုပ်ဆောင်

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးမြို့ရှိ မြို့ခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လုပ်အားဒါနဖြင့် နံ့သာသွေးကုသိုလ်ယူသောလုပ်ငန်းတစ်ခုမှာ မဟာမုနိရုပ်ရှင်တော်မျက်နှာသစ်တော်ရေအတွက် နံ့သာသွေးခြင်းပင်ဖြစ်သည်။ မျက်နှာသစ်တော်ရေအတွက် နံ့သာသွေးရန် ကျောက်ပျဉ်များကို စနစ်တကျနှင့် သန့်ရှင်းစွာထားရှိသည်။

မဟာမုနိဘုရားဖူးလာသူများသည် နံ့သာသွေးကုသိုလ်ကို အလေးအမြတ်ထားကာ ပြုလုပ်လေ့ရှိသည်။ နံ့သာသွေးသနပ်ခါးကျောက်ပျဉ်များကိုမူ နေ့စဉ်သန့်ရှင်းစွာထားရှိပြီး နံ့သာသွေးသူများလိုက်နာရန် စည်းကမ်းချက်များနှင့် နံ့သာလှူဒါန်းခြင်း၏ ကုသိုလ်များကိုပါ ဗီနိုင်းဆွဲကာ ချိတ်ပေးထားသည်။ နံ့သာသွေးကုသိုလ်ယူခြင်းကို နေ့စဉ်နံနက် ၇ နာရီခွဲခန့်မှစကာ ညနေ ၃ နာရီခွဲခန့်တွင် သိမ်းသည်ဟုသိရသည်။ နေ့တာအတိုအရှည်ပေါ်မူတည်ကာ အချိန်နောက်ကျခြင်းများ ရှိတတ်သည်ဟု သိရသည်။

နံ့သာသွေးကုသိုလ်ပြုရာမှ ရရှိလာသော နံ့သာအပျစ်များကို စနစ်တကျ ဖလားကြီးများအတွင်းထည့်ကာ ကပ်ရသည်။ မျက်နှာသစ်တော်ရေအတွက် နံ့သာအပျစ်များကို ရေမွှေး၊ ရေတို့ရောစပ်ကာ မျက်နှာသစ်တော်ရေ ပြုလုပ်လေ့ရှိသည်။ နေ့စဉ်နံနက်လေးနာရီခွဲခန့်တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကို မျက်နှာသစ်ပေးသည်။

မျက်နှာသစ်ပြီးသော မျက်နှာသစ်တော်ရေကို မြို့ခံများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများက အလေးအမြတ်ထားကာ ယူဆောင်လေ့ရှိသည်။ မျက်နှာသစ်တော်ရေရလိုသူများသည် နံနက်စောစောထကာ စောင့်ယူကြသည်။ နေ့စဉ်နံနက် ၅ နာရီခန့်တွင် မျက်နှာသစ်တော်ရေ ပေးဝေလေ့ရှိကြောင်း သိရသည်။ နံ့သာသွေးကုသိုလ်ပြုသူများသည် နံ့သာသွေးသနပ်ခါးသွေးရသောကုသိုလ်သည် အကျိုးတရားများစွာရရှိကြောင်း ယုံကြည်ကြသည်။ ဘုရားကိုရည်မှန်းကာ နံ့သာသွေးခြင်းဖြစ်သည့်အတွက် သန့်စင်စွာသွေးကာ ကုသိုလ်ပြုလေ့ရှိသည်။

မဟာမုနိဘုရားကြီးတွင် နံ့သာသွေးလုပ်အားဒါနပြုသူများ နေ့စဉ်ပြုလုပ်လျက်ရှိပြီး ဥပုသ်နေ့များတွင် ပိုမို၍ လူစည်ကားသည်။ လက်ရှိကာလတွင် မန္တလေးမြို့ မဟာမုနိဘုရားဖူး လာရောက်သူများ အချိန်ရပါက နံ့သာသွေးကုသိုလ်ပြုခြင်းကို အထွတ်အမြတ်ထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# ယဉ်ကျေးမှုအမွေအနှစ်များကို ဟန်ချက်ညီစွာထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်



**မန္တလေး အောက်တိုဘာ ၂၁**

ရုပ်ပိုင်းဆိုင်ရာတည်ရှိနေသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း အမှန်တကယ်ပိုင်ဆိုင်သည့် ပြည်သူများမှ ဟန်ချက်ညီစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာခရီးသွားများက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များအား စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုလျက်ရှိရာ ၎င်းအမွေအနှစ်များအနက် ရုပ်ပိုင်းဆိုင်ရာ ကိုင်တွယ်ထိတွေ့၍ရသော ဒြပ်ရှိပစ္စည်းများဖြစ်သည့် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်နှင့် ရှေးဟောင်းသာသနိကအဆောက်အအုံများအား မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ကိုင်တွယ်ထိတွေ့၍မရသော စိတ်ပိုင်းဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုများကို အမှန်တကယ်ပိုင်ဆိုင်သည့် ပြည်သူများမှ ပူးပေါင်းကာကွယ် ထိန်းသိမ်းပေးရန်လိုအပ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြဇာတ်ဦးစီး (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"ကိုင်တွယ်ထိတွေ့လို့ရတဲ့ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံလက်ရာတွေကို လာရောက်လေ့လာကြတဲ့ ဧည့်သည်တွေကို စိတ်ပိုင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုတွေဖြစ်တဲ့ မြန်မာ့ရိုးရာ ဓလေ့စရိုက်တွေနဲ့ ပြုမူပြောဆိုဆက်ဆံပြီး ဖော်ရွေသော အပြုံးတွေနဲ့ ဒေသခံတွေက ကြိုဆိုကြမယ်ဆိုရင် ယဉ်ကျေးမှုနှစ်ခုက ဟန်ချက်ညီပြီး ဧည့်သည်တွေရဲ့ ကျေနပ်မှုကိုရရှိကာ ခရီးသွားလုပ်ငန်းတိုးတက်မှုကို ဖြစ်စေမှာပါ" ဟု ၎င်းက ပြောသည်။

မြန်မာတို့၏ စိတ်ပိုင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုများတွင် စာပေ၊ ဂီတ၊ သဘင်ဖန်တီးမှုအားလုံး၊ အခမ်းအနား၊ လူမှုရေးအစဉ်အလာဓလေ့ထုံးစံများ၊ ပွဲတော်များ၊ မိရိုးဖလာလက်မှုပညာများ၊ ရိုးရာအစားအစာများနှင့် ဝတ်စားဆင်ယင်ပြောဆိုသုံးနှုန်းမှု အစရှိသည်တို့ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြော

**အောင်လံ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်လှလှရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ဇီကာဗိုင်းရပ်စ်ပိုးအကြောင်းနှင့် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်မှုအကြောင်း၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံစာသားများ ဖော်ပြရေး ကွင်းဆင်းပညာပေး

**ဝန်းသို အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများရောင်းချသည့်ဆိုင်များသို့ ကွင်းဆင်း၍ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ဝန်းသိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းနှင့် တာဝန်ရှိသူများပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဝန်းသိုမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းရောင်းချသည့်ဆိုင်များသို့ ကွင်းဆင်း၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြထားခြင်းရှိ-မရှိ၊ ထုတ်လုပ်ရောင်းချခြင်းရှိ-မရှိကို စစ်ဆေးခဲ့ကြသည်။

ယင်းနောက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချသူများအား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ထုပ်ပိုးမှုများအားလုံးကို ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသားများ ပုံနှိပ်ဖော်ပြ၍ ထုတ်လုပ်ရန်နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မတိုင်မီ ဈေးကွက်အတွင်းရောက်ရှိပြီးသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအတွက် သတ်မှတ်ကာလ ခြောက်လထားရှိမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှစ၍ သတိပေးရုပ်ပုံနှင့်စာသားများကို သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းမရှိသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ အသိပညာပေးခြင်း၊ သတိပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**



# ယာယီမင်္ဂလာဈေး မဟာနွယ်စဉ်အားကစားကွင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်၊ ရောင်းသူဝယ်သူများဖြင့်စည်ကား

**မန္တလေး အောက်တိုဘာ ၂၁**

မီးလောင်ကျွမ်းခဲ့သည့် မန္တလေး ချမ်းအေးသာစံမြို့နယ် မင်္ဂလာဈေးရှိ ဈေးသူ၊ ဈေးသားများ ဈေးသစ်ကြီးဆောက်လုပ်နေစဉ်ကာလ ရောင်းဝယ်မှုများ ပုံမှန်လုပ်ကိုင်နိုင်စေရေးအတွက် ယာယီမင်္ဂလာဈေးကို မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၇၁ လမ်းထောင့် မဟာနွယ်စဉ်အားကစားကွင်းအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၂၅၀၀ ကျော်အကုန်အကျခံကာ ဆောက်လုပ်ပေးခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ဖွင့်လှစ်ရန်စီစဉ်ခဲ့သော်လည်း ဈေးသူ၊ ဈေးသားများမှ နေဒဏ်မိုးဒဏ်ကာကွယ်နိုင်ရန် သွပ်ပြားအဖီများ၊ ပစ္စည်းလုံခြုံရေးအတွက် သံတံခါးများ၊ သံဇကာများကာရံခြင်းများ၊ ပြည်လည်တပ်ဆင်ခြင်းများ ပြုလုပ်ခဲ့သဖြင့် အောက်တိုဘာ ၂၀ ရက်တွင်မှ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှ သိရသည်။

ယာယီမင်္ဂလာဈေးတွင် အကျယ်ခြောက်ပေ × ရှစ်ပေ အထည်ဆိုင်ခန်း ၃၃၆ ခန်း၊ အကျယ်ခြောက်ပေပတ်လည် ပျံကျဈေးဆိုင်ခန်း ၂၆၀ နှင့် အဆင့်မြင့်သန့်စင်ခန်းများ ပါဝင်ဆောက်လုပ်ထားသည်။ ကုန်ပို့ယာဉ်ကြီးများ အလွယ်တကူပစ္စည်းချနိုင်ရေး ပေ ၂၀ အကျယ် ဝင်ပေါက်ကြီးနှစ်ပေါက်ပါရှိပြီး ရေမဝပ်စေရေး မြောင်းစနစ်များ ဈေးပတ်လည်တည်ဆောက်ပေးထားပြီး ဆိုင်ခန်းပတ်လမ်းများ ကွန်ကရစ်ပြားများ ခင်းပေးထားသည်။

မင်္ဂလာဈေးသည် ၂၀၁၆ ခုနှစ် မတ် ၂၂ ရက် ညနေက မီးလောင်ကျွမ်းခဲ့ရာ ဆိုင်ခန်း ၃၀၀ ကျော်၊ လူနေတိုက်ခန်းများ၊ အရောင်းပြခန်းများ မီးလောင်ခဲ့ပြီး ငွေကျပ်သိန်း ၁၀၅၄၆ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပရီမီယာလိဂ်ရင်ခုန်သံ - ၉

# မော်ရင်ဟိုကိုထပ်ပံ့စမ်းသပ်မယ့်စတမ်းဖို့ဒ်ဘရစ်ချ်တိုက်ပွဲ

ပရီးမီးယားလိဂ်ပွဲစဉ်-၉ ကိုလာမယ့် အောက်တိုဘာလ ၂၂၊ ၂၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့မန်ယူတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေ သလို မန်စီးတီး၊ စပါးတို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူနိုင်မလား ဆိုတာကိုစောင့်ကြည့်ရဖို့ရှိနေပါတယ်။

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ကော်စတာ (ချယ်လ်ဆီး) | - ၇ ဂိုး |
| လူကာကူ( အဲဗာတန်) | - ၆ ဂိုး |
| အန်တိုနီယို ( ဝက်စ်ဟမ်း) | - ၅ ဂိုး |
| ဝဲလ်ကော့( အာဆင်နယ်) | - ၅ ဂိုး |
| အဂူရို(မန်စီးတီး) | - ၅ ဂိုး |

ပွဲစဉ် (၈)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၈ | ၆ | ၁ | ၁ | ၁၉ | ၈ | ၁၁ | ၁၉ |
| ၂ | အာဆင်နယ် | ၈ | ၆ | ၁ | ၁ | ၁၉ | ၉ | ၁၀ | ၁၉ |
| ၃ | စပါး | ၈ | ၅ | ၃ | ၀ | ၁၃ | ၄ | ၉ | ၁၈ |
| ၄ | လီဗာပူး | ၈ | ၅ | ၂ | ၁ | ၁၈ | ၁၀ | ၈ | ၁၇ |
| ၅ | ချယ်လ်ဆီး | ၈ | ၅ | ၁ | ၂ | ၁၅ | ၉ | ၆ | ၁၆ |
| ၆ | အဲဗာတန် | ၈ | ၄ | ၃ | ၁ | ၁၂ | ၆ | ၆ | ၁၅ |
| ၇ | မန်ယူ | ၈ | ၄ | ၂ | ၂ | ၁၃ | ၈ | ၅ | ၁၄ |
| ၈ | ဆောက်သမ်တန် | ၈ | ၃ | ၃ | ၂ | ၁၀ | ၇ | ၃ | ၁၂ |
| ၉ | ခရစ္စတယ်ပဲလေ့စ် | ၈ | ၃ | ၂ | ၃ | ၁၁ | ၉ | ၂ | ၁၁ |
| ၁၀ | ဝက်ဖို့ဒ် | ၈ | ၃ | ၂ | ၃ | ၁၃ | ၁၃ | ၀ | ၁၁ |
| ၁၁ | ဘုန်းမောက် | ၈ | ၃ | ၂ | ၃ | ၁၂ | ၁၂ | ၀ | ၁၁ |
| ၁၂ | ဝက်စ်ဘရွန်း | ၈ | ၂ | ၄ | ၂ | ၉ | ၈ | ၁ | ၁၀ |
| ၁၃ | လက်စတာ | ၈ | ၂ | ၂ | ၄ | ၈ | ၁၄ | -၆ | ၈ |
| ၁၄ | ဘန်လေ | ၈ | ၂ | ၁ | ၅ | ၆ | ၁၂ | -၆ | ၇ |
| ၁၅ | ဝက်စ်ဟမ်း | ၈ | ၂ | ၁ | ၅ | ၉ | ၁၇ | -၈ | ၇ |
| ၁၆ | ဟားလ်စီးတီး | ၈ | ၂ | ၁ | ၅ | ၈ | ၂၀ | -၁၂ | ၇ |
| ၁၇ | မစ်ဒယ်ဘရော့ | ၈ | ၁ | ၃ | ၄ | ၇ | ၁၁ | -၄ | ၆ |
| ၁၈ | စတုတ် | ၈ | ၁ | ၃ | ၄ | ၇ | ၁၆ | -၉ | ၆ |
| ၁၉ | ဆွမ်းဆီး | ၈ | ၁ | ၁ | ၆ | ၈ | ၁၅ | -၇ | ၄ |
| ၂၀ | ဆန်းဒါးလန်း | ၈ | ၀ | ၂ | ၆ | ၆ | ၁၅ | -၉ | ၂ |




### ဘုန်းမောက် - စပါး
ည ၆း၀၀ (၂၂-၁၀-၁၆)

ဘုန်းမောက်က ဟားလ်ကိုဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သလို ခြေစွမ်း ပိုင်းလည်းကောင်းမွန်ခဲ့ပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဘုန်းမောက်တို့ ဒီပွဲမှာပါရလဒ်ကောင်းဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း စပါးကလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အ တွက်အားစိုက်လာမှာသေချာနေပါတယ်။ စပါးအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် နိုင်ပွဲတော့ ကပ်ရနိုင်ပါတယ်။

### ဘန်လေ - အဲဗာတန်
ည ၈း၃၀ (၂၂-၁၀-၁၆)

အဲဗာတန်က မန်စီးတီးကိုသရေကစားနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ အဲဗာတန်အနေနဲ့ လက်ရှိအချိန်မှာ သုံးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့်လည်း နိုင်ပွဲပြန်လည် ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဘန်လေရဲ့ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်း အားလည်းရှိနေတယ်ဆိုပေမယ့် အဲဗာတန်သာ ကပ်နိုင်သွားဖို့ရှိပါတယ်။

### လက်စတာ - ပဲလေ့စ်
ည ၈း၃၀ (၂၂-၁၀-၁၆)

လက်စတာဟာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့် ချယ်လ်ဆီးကိုရှုံးနိမ့်ခဲ့ရက သုံးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ပဲလေ့စ်ကတော့ ခြေစွမ်းပိုင်းအရမဆိုးပေမယ့်လည်း အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည် ကျဆင်းတတ်ပါတယ်။ လက်စတာ နိုင်ပွဲပြန်ရဖို့ရှိနေပါတယ်။

### ဝက်စ်ဟမ်း - ဆန်းဒါးလန်း
ည ၈း၃၀ (၂၂-၁၀-၁၆)

ခြေစွမ်းပိုင်းပျက်ယွင်းနေတဲ့နှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံးရမှတ်တွေဆုံးရှုံးမှုများခဲ့တာကြောင့် နိုင်ပွဲ ပြန်လည်ရယူနိုင်ကြဖို့အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ ဝက်စ်ဟမ်းဟာ ပဲလေ့စ်ကိုအနိုင်ရယူနိုင်ခဲ့သလိုခြေစွမ်းပိုင်းလည်းတိုးတက်မှုတွေ ရှိလာခဲ့တာကိုတွေ့ရပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်လာမှာဖြစ်သလို ဆန်းဒါးလန်းခြေကလည်း အားနည်းလွန်းတာကြောင့် ဝက်စ်ဟမ်းကသာနိုင် ပွဲဆက်သွားနိုင်ပါတယ်။

### မန်စီးတီး - ဆောက်သမ်တန်
ည ၇း၀၀ (၂၃-၁၀-၁၆)

နှစ်သင်းစလုံး ဥရောပပွဲတွေကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရတဲ့ မန်စီးတီးက ယူရိုပါလိဂ်ကစားခဲ့ရမယ့် ဆောက်သမ်တန်ထက်နားရက်ပိုရခဲ့ပါတယ်။ ဒါ့အပြင် မန်စီးတီးရဲ့အိမ်ကွင်းဖြစ်သလို ခြေစွမ်းပိုင်းကလည်း မန်စီးတီးက ပိုမိုကောင်းမွန်နေပါတယ်။ မန်စီးတီးအနေနဲ့လည်း နှစ်ပွဲဆက်နိုင်ပွဲမရခဲ့တာကြောင့် အားစိုက်လာမှာဖြစ်လို့ ဆောက်သမ်တန်တို့ပိုမိုအခက်တွေ့နိုင်ပါတယ်။ မန်စီးတီးပဲအနိုင်သေချာနေပါတယ်။

### အာဆင်နယ် - မစ်ဒယ်ဘရော့
ည ၈း၃၀ (၂၂-၁၀-၁၆)

အာဆင်နယ်က ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားကောင်းနေသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ မစ်ဒယ်ဘရော့ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့်လည်း အဝေးကွင်းပွဲတွေမှာစွမ်း ဆောင်ရည်ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့ အခွင့်အရေးပိုမိုရနိုင်ကာ အိမ်ကွင်းမှာ နိုင်ပွဲလည်းရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဟားလ် - စတုတ်
ည ၈း၃၀ (၂၂-၁၀-၁၆)

ဟားလ်ခြေက အားနည်းလွန်းနေပါတယ်။ အသင်းလိုက်ကစား ကောင်းမွန်မှုရှိပေမယ့် နိုင်လိုစိတ်လွန်ကဲကာ တိုက်စစ်ကိုလိုက်ပါကစားအားများလွန်းတာကြောင့် ပြိုင်ဘက်တွေရဲ့ တိုက်စစ်ကိုထိန်းချုပ်ရာမှာအားနည်းမှုတွေ ရှိခဲ့ပြီး ဂိုးပြတ်တွေနဲ့ချည်းရှုံးနိမ့်နေရပါတယ်။ ဒီပွဲ မှာလည်း အိမ်ကွင်းမှာနိုင်ပွဲရလိုဇောနဲ့ တိုက်စစ်ကိုအလွန်အကျွံလိုက်ကစားခဲ့ရင် စတုတ်ရဲ့တန်ပြန်တိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ စတုတ်တို့နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဆွမ်ဆီး - ဝက်ဖို့ဒ်
ည ၈း၃၀ (၂၂-၁၀-၁၆)

ဆွမ်ဆီးက ရှုံးပွဲတွေဆက်နေပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပါတယ်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာတောင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တဲ့အပြင် လေးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အိမ်ကွင်းဖြစ်တဲ့ ဆွမ်ဆီးတို့နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### လီဗာပူး - ဝက်စ်ဘရွန်း
ည ၁၁း၀၀ (၂၂-၁၀-၁၆)

လီဗာပူးခြေက တောက်လျှောက်ကောင်းမွန်နေပါတယ်။ အိမ် ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်စားလာဦးမှာ သေချာနေပါတယ်။ ဝက်စ်ဘရွမ်းကတော့ စပါးကို သရေကစားနိုင်ခဲ့တာမှန်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာစွမ်းဆောင်ရည်က မတည်ငြိမ်တတ်ပါဘူး။ တိုက်စစ်ပိုင်းလည်းကောင်းမွန်နေတဲ့ လီဗာပူးကပဲအနိုင်ရသွားဖို့ရှိနေပါတယ်။

### ချယ်လ်ဆီး - မန်ယူ
ည ၉း၃၀ (၂၃-၁၀-၁၆)

ချယ်လ်ဆီးက လက်စတာကိုအနိုင်ရယူနိုင်ခဲ့ကာ နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မော်ရင်ညိုကလည်း အသင်းဟောင်းနဲ့ ပြန်လည်ရင်ဆိုင်ရမှာဖြစ်တာကြောင့် မန်ယူကိုအသေအချာပြင်ဆင်လာနိုင်ပါတယ်။ ချယ်လ်ဆီးကွင်းဖြစ်ပေမယ့် မန်ယူရဲ့ တုံ့ပြန်အားကြောင့် သရေကျသွားနိုင်ပါတယ်။

# ပေါ်ဘာနှင့် အီဗရာဟီနိုဗစ်ချ်တို့နှစ်ဦးကို မော်ရင်ဟို သတိပေးပြီ

မန်ယူနည်းပြ မော်ရင်ဟိုက ကလပ်အသင်းတွင် အီဗရာဟီ မိုဗစ်ချ်နှင့် ပေါ့ဘာအပါအဝင် မည်သည့်ကစားသမားမျှ မတို့မထိရသည့် ကစားသမားဟူ၍ မရှိကြောင်း သတိပေးစကား ဆိုလိုက်သည်။ မော်ရင်ဟိုက ပေါ့ဘာအား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော်လည်း ခြေစွမ်းမကောင်းလျှင် အရန်ခုံပေါ် ထိုင်ခိုင်းရန် ဝန်လေးမည်မဟုတ်ကြောင်း သတိပေးလိုက်သည်။

မော်ရင်ဟိုက ယခင်ချယ်လ်ဆီးကစားသမားများဖြစ်သည့် ဂျွန်တယ်ရီ၊ ဖရန့်လမ်းပတ်နှင့် ဒီဒီယာဒရော့ဘာတို့မှာတို့ ထိမရသည့် ကစားသမားများ ဖြစ်ခဲ့ဖူးသော်လည်း ယခုပရီမီယာလိဂ်နှင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ပရီမီယာလိဂ် အခြေအနေမှာ လုံးဝခြားနားသွားပြီဖြစ်သည်ဟု ပြောကြားခဲ့သည်။ လီဗာပူးနှင့် ပွဲစဉ်တွင် ခြေစွမ်းပိုင်းပျောက်ဆုံးနေသည့် ပေါ့ဘာအား မော်ရင်ဟိုက လူသိရှင်ကြား ဝေဖန်ခဲ့သလို စိတ်ဆိုးဒေါသထွက်ခဲ့ကြောင်းလည်း မန်ယူနှင့် နီးစပ်သော အသိုင်းအဝိုင်းက သတင်းပေးခဲ့သည်။

အီဗရာဟီမိုဗစ်ချ်မှာလည်း ရာသီအစ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့သော်လည်း ပရီမီယာလိဂ်၏ ကြံ့ခိုင်မှု ဦးစားပေး ကစားဟန်ကြောင့် ပြိုင်ဘက်နောက်တန်း ကစားသမားများကို ဖြတ်ကျော်ရန် ခက်ခဲနေခြင်းဖြစ်သည်။ မော်ရင်ဟိုနှင့် အီဗရာဟီဗစ်ချ်တို့သည် အင်တာမီလန်တွင် လက်တွဲခဲ့ဖူးပြီး ယခုအကြိမ်မှာ သူတို့နှစ်ဦး ဒုတိယအကြိမ်လက်တွဲခြင်းလည်းဖြစ်သည်။ **မေလှဲ့သင်း**

# ချောင်းဦးမြို့တွင် မြို့နယ်လုံးဆိုင်ရာ မီးပုံးပျံပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ချောင်းဦး အောက်တိုဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ညောင်ပင်ပဋ္ဌာနတာရုံကျောင်းတိုက်တွင် သတ္တမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ မီးပုံးပျံပြိုင်ပွဲကြီးအား ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် နှင့် ၁၅ ရက် ညတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့ရဲ့ မီးပုံးပျံပြိုင်ပွဲကြီးကို လွန်ခဲ့တဲ့ ၁၃၇၂ ခုနှစ်ကတည်းက ကျင်းပခဲ့တာ ဒီနှစ်ဆိုရင် သတ္တမအကြိမ်မြောက် ရောက်ရှိခဲ့ပါပြီ။ ဒီနှစ် မီးပုံးပျံပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန်အတွက် မီးပုံးပျံအမြင့် အနည်းဆုံး ပေ ၂၀ သတ်မှတ်ပြီး လုံးပတ်အလှ၊ ပန်းချီအလှ၊ မီးပုံးပျံမြင့်တတ်မှုအခြေအနေ၊ ယမ်းပေါက်ကွဲမှုအခြေအနေနှင့် မီးကျည်အလှအပစတဲ့ အချက်အလက်တွေကို အမှတ်ပေးပြီး ပထမဆုကို ကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ကျပ် ငါးသိန်း၊ တတိယဆုကို ကျပ်သုံးသိန်းနဲ့ နှစ်သိမ့်ဆုများအနေဖြင့် သတ်မှတ်ချက်များနဲ့ အဆင့်မီရင် ကျပ်တစ်သိန်းစီ ချီးမြှင့်မှာဖြစ်ပါတယ်" ဟု မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးကော်မတီဝင် ဦးသိန်းတင်က ပြောပြသည်။

ချောင်းဦးမြို့၏ သတ္တမအကြိမ်မြောက် မီးပုံးပျံပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် မည်သည့်ဒေသမှမဆို လာရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲဝင် စာရင်းလျှောက်လွှာများကို နိုဝင်ဘာ ၉ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

ယမန်နှစ် မီးပုံးပျံပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ မီးပုံးပျံ ၁၃ လုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ယုယု (ချောင်းဦး)**



## ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သုတ၊ ရသ စာအုပ်စာစောင်များပြသ

**ဆိပ်ဖြူ အောက်တိုဘာ ၂၁**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဆိပ်ဖြူ)၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပခုက္ကူခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စာအုပ်ပြပွဲပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာဖတ်ခြင်းဖြင့်ရှိလာမည့် အသိပညာ အကျိုးကျေးဇူးများကို ပြောကြားခဲ့သည်။

ပခုက္ကူခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ ခရိုင်တာဝန်ခံ ရဲအုပ်လှိုင်မျိုးသန့်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဖြစ်မှုကျူးလွန်သူများ တရားဥပဒေဖြင့် အရေးယူ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် သင်တန်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ပြသပေးသည့် သုတ၊ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်** (IPRD)

## ကော့သောင်းမြို့တွင် မိုးသည်းထန်သဖြင့် မြေပြိုမှုဖြစ်ပွား

**ကော့သောင်း အောက်တိုဘာ ၂၁**
ကော့သောင်းမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၉ ရက် နံနက်က ရွှေဇင်ယော်ရပ်ကွက် ကျားပါးစပ်တန်းလမ်း (ပုလဲအောက်လမ်း) ဘေးရှိ တောင်စောင်းမှ မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် အဆိုပါတောင်စောင်း အောက်ဖက်တွင် ဆောက်လုပ်ထားသည့် ဦးကြင်ယု ပိုင်ဆိုင်သည့် မြေစိုက်ခနိမိုး အဆောက်အအုံပေါ်သို့ ပိကျသဖြင့် အဆောက်အအုံယာဘက်ခြမ်း ထက်ဝက်ခန့် မြေပိပျက်စီးခဲ့သည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားရာသို့ ကော့သောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသွားရောက်၍ လိုအပ်သည့် ကူညီကယ်ဆယ်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပြီး မြေပြိုချိန်တွင် အဆောက်အအုံအနီးတွင်ရှိနေသည့် ကိုစန်းနိုင်မှာ ထိခိုက်မိသဖြင့် ဝဲခြေထောက်အရိုးအက်ဒဏ်ရာရရှိပြီး ကော့သောင်းခရိုင်ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး**



## မူးယစ်ဆေးဝါးနှင့်ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးဟောပြော

**ဝက်လက် အောက်တိုဘာ ၂၁**
ကျေးရွာနေပြည်သူများ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ကွမ်းစားခြင်းတို့ဖြင့် ရရှိနိုင်သော ဆိုးကျိုးများကို သိရှိရှောင်ရှားနိုင်ရန်နှင့် အသိပညာဗဟုသုတရှိစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးရွာစာကြည့်တိုက်ရှင်သန်ရေး ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက တမာကုန်းကျေးရွာ၌ မူးယစ်ဆေးဝါးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး၊ စာပေလေ့လာ ဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များ အကြောင်း အသိပညာပေးဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့သည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု မှတ်တမ်းပုံများ၊ နံရံကပ်ဓာတ်ပုံများကိုပြသရာ ကျေးရွာပြည်သူများကစိတ်ပါဝင်စား စွာကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## မိုင်းရှူးမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပ

**မိုင်းရှူး အောက်တိုဘာ ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်ထွေ/အုပ်မှုကြီးမှူး၍ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက ရပ်ကွက် (၄) မြောက်ကျောင်းမှ မြို့လယ်ကျောင်း ဟံသာမုနိဘုရားကြီးထိ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မိုင်းရှူးမြို့ပေါ်နှင့် ကျေးရွာဘုန်းတော်ကြီးကျောင်း ၂၁ ကျောင်းမှ သံဃာတော် ၅၅၃ ပါးသည် ရပ်ကွက်(၄)မြောက်ကျောင်းမှစတင်ကာ မြို့လယ်ကျောင်း ဟံသာမုနိဘုရားကြီးအထိ ကြွရောက်အလှူခံကြရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေ ဒေသခံပြည်သူများက သဒ္ဒါတရား ထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကုန်စည်ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေရေး ကျေးရွာချင်းဆက်လမ်းများဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၂၁**
ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်နှင့်ဆက်သွယ်သွားလာနိုင်သော ကျေးရွာများရှိလမ်းများ ကောင်းမွန်လာပါက ဒေသခံပြည်သူများအတွက် ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် ပိုမိုအဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ တံတားနှင့်ရေပွန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဘားအံခရိုင်အတွင်းမြို့နယ်အလိုက် ကျေးရွာများတွင် ကတ္တရာလမ်း ၆ မိုင်၊ ကျောက်လမ်း ၇ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၆ မိုင် ၄ ဖာလုံ၊ တံတား ၂၁ စင်းနှင့် ရေပွန် ၃၂ စင်း ဆောင်ရွက်ပေးလျက်ရှိရာ လှိုင်းဘွဲ့မြို့နယ်၊ ကျေးရွာချင်းဆက်လမ်းများအား သံလွင်ဖားစည်နှင့် မြင့်မြတ်သံလွင်ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်နေသော နောင်နေ-လှကဇိုင်း ကတ္တရာလမ်း(၁)မိုင်၊ ကျောက်ချောလမ်းများတွင် မဲလမ-တာကရား(၁)မိုင်နှင့် လှကဇိုင်း-ကော့ဖန်ရ တစ်မိုင်၊ မြေသားလမ်းတွင် တာပေါင်-ကဒီကံ တစ်မိုင် လေးဖာလုံကိုလည်းကောင်း၊ တံတား ငါးစင်းနှင့် ရေပွန် ရှစ်စင်းများအားလည်းကောင်း ဆောင်ရွက်နေမှုအခြေအနေနှင့် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံတည်ဆောက်နေမှု အခြေအနေများအား အောက်တိုဘာ ၁၂ ရက်က ဘားအံခရိုင်ဦးစီးမှူး ဦးစောကျော်မင်းဦးနှင့် တာဝန်ရှိသူများက သတ်မှတ်ချိန်နှင့် အရည်အသွေး ပြည့်မီရေးအတွက် ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

